
mgyoe.com

SAMPLE BOOK



# ငြိဆက်ငြိမ်း

သရဝဏ် ( ပြည် )

mgyoe.com

mgyoe.com SAMPLE BOOK

အတိတ်ဘဝဆိုတာ ရှိခဲ့ရင်
ကလျာငြိမ်းနဲ့သူ ပတ်သက်ခဲ့ခြင်းသည်
လက်ရှိဘဝတွင် နှစ်ဦးနှစ်ဖက်
အတိတ်ကို မှတ်မိ သတိရကြသည်မှတပါး
အခြားအာမခံချက် ဘာမှမရှိပေ။

သရက်ကျော်(ပြည်)-ရင်ခတ်ငြိမ်း
KWY271
4000 KS
mgyoe.com

COVERDESIGN : NAYMYOSAY

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဒီဇင်ဘာလ၊ ၂၀၂၀ ပြည့်နှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အတွင်းပုံနှိပ် အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- နေမျိုးဆေး
တန်ဖိုး - ၄၀၀၀ ကျပ်

mgyoe.com

mgyoe.com

SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှာစာ

ကိုဗစ် ၁၉ ကပ်ရောဂါ ဒုတိယလှိုင်း ပြင်းထန်နေဆဲ Stay at Home အိမ်တွင်းအောင်း ကာလ ၂၀၂၀ စက်တင်ဘာ၊ အောက်တိုဘာတွင် ဤစာအုပ်ကို ရေးပါသည်။ ရသဝတ္ထုစာအုပ် ရေးသားပါရန် မကြာခဏ တိုက်တွန်းသော စာရေးဆရာများ၊ စာပေမိတ်ဆွေများကို ကျေးဇူးတင်ပါသည်။ နေ့စဉ် ဖေ့စ်ဘွတ်တွင် ရေးပြီးသမျှ အပိုင်းလိုက် တင်ခဲ့ရာ စောင့်မျှော် အားပေးကြသူ များပြားသောကြောင့် ရေးရတာ အားတက်မိပါသည်။ စာအုပ် ထုတ်ဝေကြဖို့ အတန်တန် တိုက်တွန်းကြသော ဖေ့စ်ဘွတ် စာဖတ်ပရိသတ်များကိုလည်း ကျေးဇူးတင်ပါသည်။ ဤရင်ခတ်ငြိမ်း ဝတ္ထုသည် အဖြစ်မှန် အချက်အလက်များကို အခြေတည်၍ စာရေးသူ၏ စိတ်ကူးစိတ်သန်းနှင့် ပေါင်းစပ် ရေးသားထားခြင်းကြောင့် နာမည်တူများ ပါရှိခဲ့လျှင် ခွင့်လွှတ်နားလည်ပေးစေလိုပါသည်။ ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် (၂၀၂၀ ဒီဇင်ဘာ) တွင် ဤဝတ္ထု ထွက်လာနိုင်မည်ဟု မျှော်လင့်ပါသည်။

စာပေသစ္စာဖြင့်
သရဝဏ် (ပြည်)
၁၄.၁၀.၂၀၂၀

❖

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း ( ၁ )

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၁၆ ဒီဇင်ဘာ

### ရန်ကုန်တက္ကသိုလ်

တကယ်တော့ သူ ဒီနယ်မြေကို မလာချင်။ ဒီနယ်မြေ၊ ဒီလမ်း၊ ဒီကျောင်း၊ ဒီပရဝဏ်၊ ဒီအဝန်းအဝိုင်း၊ အို... ဒီအတိတ်ကို မတွေ့ဖြစ်အောင်၊ မရောက်ဖြစ်အောင် ရှောင်နေတာ အနှစ် ၂၀ ခန့် ရှိပြီ။ သူ ရင်မဆိုင်လိုသော အတိတ်က ဖြစ်ရပ်များ၏ ခြောက်လှန့်မှု ဒဏ်ကို သူ မခံနိုင်။ အဓိပတိလမ်းတွင် လျှောက်စဉ်၊ အင်းလျားကန်ပေါင်တွင် ထိုင်စဉ်၊ ဘွဲ့နှင်းသဘင်ရှေ့က ဖြတ်စဉ် သူ အမြဲတမ်း မျက်ရည်ဝဲရသည်။ ထို့ကြောင့် သည်နယ်မြေကို သူ ရှောင်နေတာ ကြာပြီ။ တိတိကျကျ ပြောရလျှင် ၂၃ နှစ်ခန့် ရှိပြီ။ တက္ကသိုလ် နောက်ဆုံးနှစ် စာမေးပွဲကို ၁၉၉၃ တွင် ဖြေဆိုပြီးသည်နှင့် သည်နယ်မြေကို သူ ကျောခိုင်းခဲ့သည်။ ဘွဲ့ကိုပင် သူ တက်ရောက်မယူခဲ့။ အဝေးရောက်ဘွဲ့ကိုပဲ ယူခဲ့သည်။ သူ ရထားသော ဘွဲ့နှင့် သူ လုပ်နေသောအသက်မွေးဝမ်းကျောင်း အလုပ်ကလည်း တကယ့်ကို မဆီမဆိုင်ဟု ပြောရမည်။ ယူထားသည်က ဘီအေ (အင်္ဂလိပ်စာ) ဘွဲ့။ ယခု တိုင်းပြည်တွင် သူ့ကို သိနေသည်က ဂီတသမား၊ အနုပညာသမား၊ တေးရေးဆရာ တစ်ယောက်။ သူများနိုင်ငံတွေမှာတော့ တေးရေးဆရာတွေ၊ တူရိယာတစ်ခုကို ကျွမ်းကျွမ်းကျင်ကျင်တီးတတ် သူတွေ၊ အဆိုတော်တွေသည် ဂီတသင်တန်းကျောင်း တစ်ခုခုက

mgyoe.com

m.gyoe.com  SAMPLE BOOK 

ဆင်းသက်လာသူတွေ များသည်။ သင်ရိုးညွှန်းတမ်းရယ် ဘာရယ်နှင့် ကျကျနန သင်ကြား တတ်မြောက်လာကြတာ များသည်။ မြန်မာပြည်မှာတော့ ဆယ်တန်းအောင်၊ အမှတ်များရာ စနစ်ဖြင့် ဆုံးဖြတ်ကြသောကြောင့် တောင်ရောက်၊ မြောက်ရောက်တွေ များသည်။ များသောအားဖြင့်တော့ ဆယ်တန်းအောင်၊ အမှတ်ကောင်း၊ ဆေးကျောင်းတက်၊ ဘွဲ့ရ၊ ဆရာဝန်ဖြစ်၊ ထိုအခါမှ မိမိဝါသနာပါရာ အခြားအလုပ် လုပ်သူတို့ မြန်မာပြည်ဝယ် ပေါလှသည်။ သူကတော့ ဆယ်တန်းအောင်စဉ်က ဆေးတက္ကသိုလ် တက်ရလောက်အောင်လည်း အမှတ်က မကောင်း၊ ရန်ကုန်တက္ကသိုလ်ကိုလည်း ကဗျာတွေ စာတွေ ဖတ်ထားရာမှ ရောက်ချင်၊ တက်ချင်သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်မှာပဲ သင်ကြားပေးနိုင်မည့် ဘာသာရပ်များကို တမင်ရွေးချယ်ပြီး လျှောက်ထားလိုက်သည်။ စီးပွားရေးတက္ကသိုလ်တော့ သူ မကြိုက်သဖြင့် မလျှောက်လိုက်၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ အင်္ဂလိပ်စာ၊ ဥပဒေ စသည်ဖြင့် အစဉ်လိုက် ဦးစားပေး လျှောက်ထားလိုက်ရာ အင်္ဂလိပ်စာ မေဂျာ အဓိကဖြင့် ရန်ကုန်တက္ကသိုလ်တွင် တက်ခွင့်ရတော့သည်။

သို့သော် သူ တကယ် ဝါသနာပါသည်က ဂီတပင်။ ငယ်စဉ်ကတည်းက ဂီတကို သူ အရူးအမူး စွဲလမ်းသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အောင်မြင်သော တေးရေးဆရာ ဖြစ်ရမည် ဆိုသော အိပ်မက်ကို ကျောပိုး၍ ဂစ်တာ တစ်လက်၊ ဂျင်းဘောင်းဘီ အချို့၊ အနက်ရောင်တီရှပ်များ၊ ဆံပင်ရှည် ကုပ်ဝဲဖြင့် တက္ကသိုလ် ပရဝဏ်သို့ သူ ရောက်လာခဲ့လေသည်။ သို့သော် တော်ပါပြီ။ ဤအရာတွေကို ပြန်ပြောင်း မပြောချင်တော့ပါ။ ရင်နာစရာ အတိတ်ကို အတိတ်မှာသာ သူ ထားခဲ့ချင်သည်။

ယခုအခါ သူသည် တိုင်းပြည်က သိသော တေးရေးဆရာ တစ်ယောက်ဖြစ်နေပေပြီ။ အောင်မြင်သော အဆိုတော်ပေါင်း များစွာက သူ ရေးဖွဲ့သော ကိုယ်ပိုင်သံစဉ် သီချင်းပေါင်းများစွာကို သီဆိုရင်း သူ၏ သီချင်းစာသားများသည် ပရိသတ် ရင်ထဲသို့ အကြိမ်ကြိမ် ရောက်ရှိခဲ့လေပြီ။ ဤ နှစ်ဆယ့်သုံးနှစ်ကျော်၊ နှစ်အစိတ်ခန့် ကာလကြီးအတွင်း သူ၏ အနုပ်ညာအမည် ဖြစ်သော ရင်ခတ်ငြိမ်း ဟူသည့် အမည်သည် တစ်ဟုန်ထိုး လူသိများလာပြီး သူ၏ အမည်ရင်းကိုပင် သိသူ မရှိသလောက် ဖြစ်သွားပေသည်။

mgyoe.com

mgyoe.com

တကယ်တော့ သူ၏ အမည်တွင် ငြိမ်းလည်း မပါ၊ ရင်ခတ်လည်း မပါ။ သူ့အကြောင်းနှင့် သူ၊ သူ့ခံစားချက်နှင့် သူ၊ သူ့ဘဝ အတိတ်ဒဏ်ရာနှင့် သူသာ ဖြစ်လေသည်။

ယနေ့တော့ အတိတ်ကို မည်သို့မျှ ရှောင်ပုန်း၍ မရပါချေပြီ။ သူ ရေးခဲ့သော သီချင်းများထဲတွင် ပရိသတ် ရင်ထဲသို့ ရောက်ခဲ့သော သီချင်း ဆယ်ပုဒ်ခန့် အကြောင်းကို ဘာကြောင့် သူ ထိုသို့ ရေးခဲ့သည်၊ ဘယ်လို ခံစားပြီး ရေးဖွဲ့ခဲ့သည်၊ စာသားတွေက ဘာကို ရည်ရွယ်သည်၊ ဘယ်သီချင်းကို ရေးစဉ်က အချိန်ကာလ ဘယ်လောက် ကြာခဲ့သည် စသည်ဖြင့် သူ့ စိတ်လိုလက်ရ ရေးထားသော ဆောင်းပါး လေး အနည်းငယ်ကို ဂီတဂျာနယ်ထဲတွင် သူ ရေးခဲ့သည်။ ထိုဆောင်းပါးလေးများ ကို နှစ်သက်သူ များလှသောကြောင့် စိတ်ကူးသစ်စာပေမှ ကိုတင်ထွန်းက ထို ဆောင်းပါးများကို စာအုပ်ထုတ်သည်။ သူ၏ အင်တာဗျူးကိုပါ တွဲပြီး စာအုပ် ထုတ်သည်။ ထိုစာအုပ်ကလေးလည်းအတိုင်းအတာတစ်ခုအထိ အောင်မြင်သည် ဟု သိရသည်။ ဖြစ်စဉ်က ဤမျှဖြင့် ရပ်တန့်နေခဲ့လျှင် ကောင်း၏။ သို့သော် သူ့ ထံသို့ လာခဲ့ဖို့ ရန်ကုန်တက္ကသိုလ်သည် မမြင်နိုင်သော ညို့လှိုင်းများနှင့် ဆွဲငင် ခေါ်ယူနေသလိုပင်။ သူ့ကို နေ့နေ့ ညည တက္ကသိုလ်ထဲ လာခဲ့ဖို့ကိုပဲ ညို့ငင် ခေါ်ယူ နေလေသည်။

နောက်ဆုံးတော့ သူ မငြင်းနိုင်သော အကြောင်းက ဖန်လာသည်။ ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင် တစ်ဝိုက်၊ ကုံကော်တောနှင့် စာကြည့်တိုက်ရှေ့ နေရာတွင် ရန်ကုန်တက္ကသိုလ် ထူထောင်မှု ၉၆ နှစ်ပြည့် အထိမ်းအမှတ် စာအုပ် ဈေးရောင်းပွဲ တစ်ခုကို ခမ်းခမ်းနားနား ကျင်းပကြသည်။

ထိုစာအုပ် ဈေးပွဲတော်တွင် သူ၏ စာအုပ် ထုတ်ဝေသူ ကိုတင်ထွန်း၏ စိတ်ကူးသစ် စာအုပ်တိုက်ကလည်း ပါဝင်ရောင်းချသည်။ ထို့အတွက် စာရေး ဆရာများကို အလှည့်ကျ ခေါ်ယူ ဖိတ်ကြား၍ လက်မှတ်ထိုးသည့် အခမ်းအနား ကိုပါ ထည့်၍ လုပ်၏။ သူ့ကိုလည်း ဖိတ်သည်။ စာရေးဆရာ မဟုတ်ဘဲ သီချင်းရေး ဆရာသာ ဖြစ်သဖြင့် မလာချင်ပါကြောင်း သူ ငြင်းပါ၏။ သို့သော် ကိုတင်ထွန်းက "လာသာ လာပါဆရာ တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေထဲမှာ ဆရာ့သီချင်း ပရိသတ်တွေ အများကြီး ရှိပါတယ်" ဟု မရမက ဖိတ်ခေါ်သောကြောင့် နောက်ဆုံး တွင်တော့ အားတင်းပြီး ဤပတ်ဝန်းကျင်သို့ သူ ပြန်လည် ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


နောက်ထပ် အကြောင်းတစ်ခုလည်း ရှိသေး၏။ သူနှင့် တစ်မြို့တည်းနေသော ကောင်မလေး တစ်ယောက်သည် နိုင်ငံရေးသိပ္ပံ ဘာသာရပ် အဓိကဖြင့် ဤတက္ကသိုလ်ကြီးဝယ် ပညာဆည်းပူးနေ၏။ အဆောင်မှာ နေသည်ဟုလည်း ပြောရာ သီရိဆောင်လား၊ မာလာဆောင်လားဟု ထင်မှတ်မှားခဲ့သော်လည်း ဒဂုံဆောင်တွင် နေသည်ဟု ဆိုသောအခါ သူ မပြုံးဘဲ ဝါးလုံးကွဲ ရယ်မိလေသည်။

"ဒဂုံဆောင်တို့၊ ရွှေဘိုဆောင်တို့ ဆိုတာ ငါတို့ခေတ်တုန်းက ယောကျ်ားလေးဆောင်တွေဟ၊ နင်တို့ခေတ်ကျမှ ဘယ်လိုက ဘယ်လို မိန်းကလေးဆောင်တွေ ဖြစ်သွားရတာလဲ"

"မသိဘူး ဦးညီ၊ ဦးညီ ကျောင်းထဲလာရင် သမီးကို ဖုန်းဆက်၊ မုန့်လိုက်ကျွေးမယ်၊ ဒါပဲ"

ကေကေ ဆိုသော ကောင်မလေးက တစ်ဖွတ်ထိုးလေး၊ သူ့ဇာတိ ပြည်မြို့မှာကတည်းက ခင်မင်ခဲ့သည်။ ကေကေ၏ ဆရာမဖြစ်သူ ကလျာမြတ်ဖုန်းခိုင်မှတစ်ဆင့် ကေကေနှင့်ပါ ခင်မင်ရင်းနှီးသွားသည်။ ပြည်မြို့တွင် မကြာခဏ တွေ့ဆုံဖြစ်သော်လည်း သူ ပညာဆည်းပူးနေရာ တက္ကသိုလ် ကျောင်းတော်ကြီးထဲသို့လည်း ကိုယ်က တစ်ခါမှ မရောက်ဖြစ်။ ကိုယ့်တူမ အရွယ်လည်း ဖြစ်၊ ကိုယ့်သီချင်းပရိသတ်လည်း ဖြစ်၊ တစ်မြို့တည်း ဇာတိတူသူများလည်း ဖြစ်သဖြင့် ဤတစ်ကြိမ် ရှားရှားပါးပါး ရန်ကုန်တက္ကသိုလ်ထဲ ရောက်ခိုက် ကေကေနှင့်ပါ ဆုံပြီး ကန်တီးန် ထိုင်လိုက်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

စာအုပ် လက်မှတ် ထိုးခြင်း ကိစ္စများ ပြီးသွားသောအခါ ကေကေ့ဆီ သူ ဖုန်းဆက်လိုက်သည်။

"ဟလို သမီး၊ ဦးညီ ကျောင်းထဲ ရောက်နေပြီ၊ ဝိဇ္ဇာ ကင်တီးန်မှာ စောင့်နေလိုက်မယ်"

"သမီးသူငယ်ချင်း တစ်ယောက်ကိုလည်း ခေါ်လာခဲ့မယ်နော်"

"ရတယ်၊ ခေါ်ချင်တဲ့သူ ခေါ်ခဲ့"

ဆယ့်ငါးမိနစ်လောက် ကြာသောအခါ မိမိနောက်ဘက်မှ စကားပြောသံ ကြားရပြီး ကေကေတို့ ရောက်လာ၏။ ကေကေနှင့် အသက်အတူတူလောက် ရှိပုံရသော ကောင်မလေး တစ်ယောက်ပါ အဖော်ပါလာသည်။ ထိုကောင်မလေးက ဘာကြောင့်လဲမသိ၊ အောက်ကို ငုံ့ကြည့်နေသဖြင့် မျက်နှာကို သေသေ

m g y o e . c o m

mgyoe.com

SAMPLE BOOK


ချာချာ မမြင်ရပါ။ အသက်ကတော့ အတော်ငယ်ပုံ ရပါသည်။ လွန်ရောကျွံရော ရှိလှပါမှ ဆယ့်ခုနစ်၊ ဆယ့်ရှစ်နှစ်လောက်ပဲ ရှိပါလိမ့်မည်။ အင်္ကျီလက်ပြတ် အမည်းရောင်၊ အင်္ကျီနှင့် တစ်ဆက်တည်း စကပ်အမည်းရောင်လေးကို ဝတ်ထားသည်။ ပခုံးနှစ်ဖက်တွင် အပေါက်ကလေးတွေ ဖောက်ထားသောကြောင့် သူ့ ပခုံးသားများကို မြင်နေရသည်။ အသားသည် အညိုဘက်သို့ အနည်းငယ် လုသော အဝါရောင် ဖြစ်သည်။ ဆံပင်က ကျောလယ်လောက်အထိ ရှိမည်။ ကလေး စိတ် မပျောက်သေးသည်လားတော့ မသိ။ ကောင်မလေး လွယ်ထားသော စလင်းဘက်မှာ အဝါရောင် Chimmy အရုပ်ကလေး ဖြစ်သည်။

"ကဲ... မိတ်ဆက်ပေးရဦးမယ်၊ ဒါက ငါ ပြောပြောနေတဲ့ နာမည်ကြီး တေးရေးဆရာ ရင်ခတ်ငြိမ်း၊ ဦးညီ... ဒါက သမီး သူငယ်ချင်း၊ အဆောင်မှာ တစ်ခန်းတည်း တူတူနေတာ၊ နာမည်က ငြိမ်းစံ တဲ့"

ကေကေ၏ စကားဆုံးလျှင် သူနှင့် ကောင်မလေး အပြန်အလှန် ကြည့်လိုက်ကြရာ ကောင်မလေး၏ မျက်ဝန်းတွင် အံ့သြသော အရိပ်အယောင်များ ပေါ်လာပါသည်။ သူလည်း ဘယ်လိုဖြစ်သည် မသိ၊ ငြိမ်းစံကို မြင်လိုက်သည်နှင့် ခြေဖျား လက်ဖျားများ အေးလာသလို ခံစားရလေသည်။ အထူးသဖြင့် ငြိမ်းစံ၏ မျက်ဝန်းများကို ကြည့်လိုက်စဉ် သူ့ရင်တွေ တဒုန်းဒုန်း ခုန်လာ၏။ ကလေးအရွယ် ကောင်မလေးမို့ မသင့်တော်သဖြင့် သူသည် အကြည့်ကို လွှဲလိုက်ကာ ဘာမှ မပြောဘဲ စီးကရက်ကိုသာ တစ်ဖွာပြီး တစ်ဖွာ ရှိုက်ဖွာနေလိုက်သည်။

"နင် ဆေးလိပ်တွေ သောက်တုန်းပဲလား ညီညီဖော်"

"ဘာ"

သူ ရေရွတ်လိုက်သော ဘာက အတော်ကို ကျယ်လောင်သွားသည် ထင်၏။ တစ်ဝိုင်းတည်း ထိုင်နေသော ကေကေ သာမက စားပွဲထိုးတွေရော၊ အခြားဝိုင်းတွင် ထိုင်နေသူတွေပါ သူ့ကို ဝိုင်းကြည့်နေကြသည်။

"ဆောရီး သမီး၊ ခုနက ဘာပြောလိုက်တယ်"

ကောင်မလေးက သူ့ကို မကြည့်ဘဲ ဟိုဘက် လှည့်နေသည်။ ကေကေက အားနာသော မျက်နှာဖြင့် သူ့ကို ကြည့်ပြီး–

"အားနာလိုက်တာ၊ သမီးတောင်းပန်ပါတယ် ဦးညီ၊ ငြိမ်းစံကလေ တစ်ခါ တလေကျ အဲလိုပဲ ထင်ရာတွေ လျှောက်ပြော တာ၊ ခပ်တည်တည်နဲ့လည်း စ,တတ် နောက်တတ်တယ်"

mgyoe.com

m gyoe.com


ကောင်မလေးကတော့ ဘာမှ ဆက်မပြောတော့ဘဲ အအေးခွက်ကိုပဲ အေးအေးဆေးဆေး မော့နေသည်။ ဒီစကားလုံး၊ ဒီလေသံ ဘယ်မှာ ကြားဖူးပါလိမ့်ဟု သူ တွေးနေမိသည်။ အထူးသဖြင့် လူတွေအခေါ် နည်းသော သူ့နာမည်ကို ဘယ်လိုလုပ် ဒီကလေးမ သိသနည်း။ ပြီးတော့ အသက်အရွယ် မတူဘဲ သူ့ကို ဘာကြောင့် နင်တွေ ငါတွေနှင့် စကားပြောသနည်း။

သူ့ဦးနှောက်သည် ထိုခဏအတွင်း ပစ္စုပ္ပန်နှင့် အတိတ်ကို ကူးသန်းကာ အပြင်းအထန် အလုပ်လုပ်နေလေတော့၏။

❖

သူ့စိတ်တွေ လှုပ်ရှားနေသဖြင့် စကားကောင်းကောင်း မပြောနိုင်။ ကေကေက သာ စကားကို ဦးဆောင်ပြီး ပြောနေသည်။ သူ အခု ရေးနေသော သီချင်းအကြောင်း၊ အဆိုပြိုင်ပွဲ တစ်ခုတွင် ဒိုင်လုပ်နေသော သူ့ အတွေ့အကြုံ အကြောင်းများကို မေးနေသဖြင့် အလိုက်သင့် ဖြေနေရသေးသည်။ ငြိမ်းစံ ဆိုသော ကောင်မလေးက တော့ သိပ်ပြီး များများစားစား ဝင်မပြော။ သူတို့နှစ်ယောက် ပြောတာကိုပဲ နားထောင်နေသည်။ သူမ၏ ခန္ဓာကိုယ် အနေအထားက သိပ်ပြီး အဖွံ့ထွားကြီး မဟုတ်။ ခပ်သေးသေးထဲကပဲ ဖြစ်သည်။ သူ့မျက်ဝန်းတွေကတော့ ထူးခြားသည်။ ကြည်လင် တောက်ပနေပြီး မြင်ရသူစိတ်ကို ဖောက်ထွင်း ဝင်ရောက်သွားစေ သလိုမျိုး ဖြစ်သည်။ အနက်ရောင် ဆံပင်တွေက ပခုံးကျော်လောက် ဝဲကျနေ သည်။ ဘာရယ်မှန်းတော့ မသိ။ ဤကောင်မလေးနှင့် စားပွဲဝိုင်းတစ်ခုတည်း အတူထိုင်နေရာမှ ယခင်က မခံစားဖူးသော ဝေဒနာတစ်ရပ်ကို ခံစားနေရသည်။ သူ့ချစ်သူနှင့် အတူ ရှိနေရသလိုမျိုးနှင့်လည်း ဆင်တူသည်။ သို့သော် သူ၏ စဉ်းစား ဉာဏ်မှာ ယနေ့ ကောင်းကောင်း အလုပ် မလုပ်နိုင်ပါ။ သူ့ခေါင်းထဲမှာ မေးခွန်းတို့ ရှုပ်ထွေးနေသည်။ အဖြေမရှိသော မေးခွန်းများစွာ သူ့မှာ ရှိလာသည်။ နောက်ဆုံး တော့ ပြန်ကြရအောင် အဆောင်က ၆ နာရီ ပိတ်မှာ ဆိုသော ငြိမ်းစံ၏ စကားက သူ့ကို ကယ်တင်လိုက်နိုင်သည်။

"ဒါနဲ့ ငြိမ်းစံက ဘာမေဂျာ ယူထားတာလဲ"

ဒီတစ်ခွန်းသာ ကောင်မလေးကို သူ တိုက်ရိုက် မေးဖြစ်သည်။ မေးချင်

mgyoe.com

mgyoe.com

သည်က တခြား ဖြစ်သည်။ ဖုန်းနံပါတ် ပေးပါလားတို့၊ ဖေ့ဘွတ်အကောင့် သိပါရစေတို့ ပြောရမည် ဖြစ်သော်လည်း ပါးစပ်က မထွက်ရဲ။ သူ့အသက် ၄၆ နှစ် ရှိပြီ။ ၁၇ နှစ်အရွယ် ကလေးသာသာ မိန်းကလေးတစ်ယောက်ကို တွေ့တွေ့ချင်း ဒီလိုတွေ ပြောဖို့ သူ့ပါးစပ်က မထွက်။ ထို့ကြောင့် ဘာရယ် မဟုတ်ဘဲ ရောက်တတ်ရာရာ မေးလိုက်ရသည်။ တကယ်တော့ ကောင်မလေး၏ အဓိက ဘာသာရပ်အမည်ကို သိတော့ကော ဘာထူးခြားပါမည်နည်း။ သူ့အမေးကို ငြိမ်းစံက တစ်ခွန်းတည်းသော စကားဖြင့် ဖြေသည်။

"နိုင်ငံတကာ ဆက်ဆံရေးပါ၊ ခုမှ First Year စတက်တာ"

"ဦးညီကလည်း သမီးကိုလည်း မေးဦးလေ"

ဟု ကေကေက ဝင်နောက်သည်။

"ငါ သိပါတယ်၊ နင်က Political Science"

ဟု ပြောတော့ ကေကေက ရယ်နေသည်။

သူ ဘာမှ ပြန်မပြောနိုင်။ ငိုင်ပြီးရင်း ငိုင်ကျသွားသည်။ တိုက်ဆိုင်မှုတွေသည် ယနေ့အဖို့ များလှသည်။ တစ်ချိန်က သူ ချစ်ခဲ့ဖူးသော နှလုံးသားထဲမှာ အမြဲစွဲထင်နေမည့် ကလျာငြိမ်းကို မြင်ယောင်မိသည်။ ဒီအပြုံး၊ ဒီအကြည့်၊ ဒီစကားသံ၊ ဒီခန္ဓာကိုယ် ကောက်ကြောင်း အားလုံးသည် ကလျာငြိမ်းနှင့် တစ်ပုံစံတည်း ဖြစ်နေလေသည်။ ယခုလည်း လာပြန်ပါပြီ။ ကောင်မလေး ငြိမ်းစံသည် ရန်ကုန်တက္ကသိုလ် ဒဂုံဆောင်တွင် နေသော နိုင်ငံတကာ ဆက်ဆံရေး ပထမနှစ် ကျောင်းသူ ဖြစ်ပါသတဲ့။

ကလျာငြိမ်းနှင့် သူလည်း ဤကျောင်းတော်ကြီးသို့ ၁၉၈၆ –၈၇ ပညာသင်နှစ်တွင် စတင် ရောက်ရှိခဲ့သည်။ ကလျာငြိမ်းသည်လည်း ငြိမ်းစံကဲ့သို့ပင် နိုင်ငံတကာ ဆက်ဆံရေးပညာ (International Relations) အထူးပြု ကျောင်းသူ တစ်ယောက် ဖြစ်လေသည်။

အပြန်လမ်းတွင် စစ်ကိုင်းလမ်းပေါ် ရောက်တော့ ကေကေက ဓာတ်ပုံဝါသနာအိုးပီပီ ဓာတ်ပုံရိုက်ကြရအောင် ဟု ဆို၏။ အနီးအပါးတွင် အသွားအလာ ရှင်းနေပြီး ဓာတ်ပုံရိုက်ခိုင်းရမည့် သူလည်း မရှိသဖြင့် သူနှင့် ကေကေကို ငြိမ်းစံက ဓာတ်ပုံရိုက်ပေးသည်။ ထို့နောက် ကေကေက သူနှင့် ငြိမ်းစံကို ဓာတ်ပုံရိုက်ပေး၏။ ထိုပုံကို သူ လိုချင်သဖြင့် သူ့ဖုန်းနှင့် ရိုက်ပေးပါဟု ကေကေ့ကို ပေးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကေကေသည် အလွန်တော်သော ဓာတ်ပုံသမား ဖြစ်သည်။ ဓာတ်ပုံထဲတွင် သူနှင့် ငြိမ်းစံသည် ပြုံးပြီး ကင်မရာကို ကြည့်နေကြသည်။ အလွန်အမှတ်ရဖွယ် ဓာတ်ပုံတစ်ပုံ ဖြစ်သည်။ တကယ်တော့ အခမ်းအနားများမှ လွဲ၍ သူဓာတ်ပုံ မရိုက်ဖြစ်သည်မှာ ကြာလေပြီ။ ဒီ ဓာတ်ပုံတစ်ပုံကိုတော့ သေသေချာချာ ဘောင်သွင်းပြီး သူ သိမ်းထားလိုက်မည်ဟု တွေးနေမိသည်။

❖

"နင်က ဘာဖြစ်လို့ ဦးညီကို ဟဲ့... ညီညီဇော်တွေ၊ နင်တွေ ငါတွေနဲ့ သွားပြောတာလဲ၊ ငါဖြင့် အံ့သြလွန်းလို့ လန့်သွားတာပဲ"

"ငါ သူ့ကို သိတယ် ကေကေ၊ သူက ငါ့ချစ်သူ"

"ဘာ... ဘယ်လို... ငြိမ်းစံရယ်၊ နင်လုပ်လိုက်ရင် အဲဒီလိုပဲ၊ ထင်ရာတွေ အမြဲ စွတ်စွတ်ပြော၊ အတည်ပေါက်နဲ့ နောက်တာလည်း ခဏခဏပဲ"

"ဒီတစ်ခါ ငါ အတည်ပြောတာ၊ နောက်တာ မဟုတ်ဘူး၊ သူ့ကို ငါ သိတယ်၊ ဒုတိယနှစ် အင်္ဂလိပ်စာမေဂျာက ညီညီဇော် တဲ့၊ ပြည်မြို့က၊ ရွှေဘိုဆောင်မှာ နေတယ်"

"ဟား ဟား... နင် မှားပြီ၊ ပြည်မြို့က ဆိုတာ တစ်ခုပဲ မှန်တယ် မယ်မင်းကြီးမ၊ ဒါလည်း ငါပြောပြလို့ နင် သိပြီးသား၊ ဦးညီက ဘွဲ့ရပြီးနေပြီ၊ ဘာမေဂျာလဲတော့ ငါလည်း မသိဘူး၊ အင်း... သူ အဆောင် နေခဲ့လား မသိဘူး၊ ဘယ်အဆောင်လဲတောင် ငါ မမေးဖူးဘူး"

"နင် မယုံရင် ဖုန်းဆက် မေးကြည့်လိုက်၊ ငါနဲ့ သိတုန်းက သူ့နာမည်က ရင်ခတ်ငြိမ်း မဟုတ်သေးဘူး၊ ကိုဇော် (RASU) ဆိုတဲ့ နာမည်နဲ့"

"ဒါကတော့ဟယ်...သူ့အင်တာဗျူး ဆောင်းပါးတွေ ဖတ်ထားရင် ဒီလောက်တော့ လူတိုင်း သိနိုင်တာပဲ"

"နင် မယုံရင် ပြောပြမယ်၊ သူ ကျောင်းသွားရင်း ခြောက်မိုင်ခွဲ မှတ်တိုင်မှာ ကားပေါ်က ပြုတ်ကျဖူးတယ်"

"မယုံဘူးဟာ၊ နင် ငါ့ကို အရူးလုပ်နေတာ ငါသိတယ်၊ အခုပဲ မေးမယ်"

တစ်ဖက်မှ ပြန်ဖြေသံကို မကြားရ၊ ကေကေက သူ့ဖုန်းကို နံပါတ်တစ်ခုကို နှိပ်နေသည်။

mgyoe.com

"ဟုတ်... ဦးညီ၊ အိမ်ပြန်ရောက်ပြီလား၊ မေးစရာ တစ်ခုရှိလို့"

"______________"

"ဦးညီ ရန်ကုန်တက္ကသိုလ်မှာ တက်တုန်းကလေ... ဟုတ် ဘယ်အဆောင်မှာ နေခဲ့တာလဲ"

"____________________"

"ရှင်... ဘာ... ဘာ... ဘာမှ မဟုတ်ပါဘူး၊ သိချင်လို့ပါ၊ နောက်ပြီး ဟိုလေ... တစ်ခု မေးချင်လို့"

"__________________"

"ဦးညီ တက္ကသိုလ် တက်တုန်းကလေ၊ အဲဒါ ကျောင်းသွားရင်း ကားပေါ်က ပြုတ်ကျဖူးတာတွေ ဘာတွေ ဖြစ်ဖူးလား"

"______________"

"ရှင်... ဖြစ်ဖူးတယ် ဟုတ်လား၊ ဘယ်မှတ်တိုင်မှာ ပြုတ်ကျတာလဲ ဟင်"

"________________"

"ဘာ"

ကေကေ၏ဖုန်း စကားပြောနေရင်း အောက်သို့ လွတ်ကျသွားသည်။ ဘုရားရေ... ဦးညီ ပြောသော အချက်က ငြိမ်းစံ ပြောတာနှင့် ကိုက်ညီနေပါတကား။ ဦးညီက ဖုန်းထဲက သူ့ကို ပြောသည်။

"မှတ်မိတာပေါ့ဟ၊ ၁၉၈၆ ဒီဇင်ဘာလကြီး၊ ဟိုင်းလပ်စ်ကားလေးတွေကို တွယ်စီးပြီး ကျောင်းတက်ရတာ၊ တွယ်စီးလာရင်း ကားက ကွေ့လိုက်တော့ အတွေ့အကြုံ မရှိသေးတဲ့ ငါ ကားပေါ်က ပြုတ်ကျတာပေါ့၊ ခြေတွေ လက်တွေ ပွန်းပွဲ့သွားတာပဲ၊ ကြဲကြဲဖန်ဖန် နင် ဘယ်လိုလုပ် သိတာလဲ"

......................

ကေကေ ဖုန်းချသွားပြီးသောအခါ ရင်ခတ်ငြိမ်း စဉ်းစားခန်း ဝင်ရလေပြီ။ လွန်ခဲ့သော နှစ်သုံးဆယ်က အဖြစ်အပျက်ကို ကေကေ ဘယ်လို သိသလဲ။ ငြိမ်းစံ ပြောပြခြင်းလော။ သို့ဆိုလျှင် ငြိမ်းစံသည် ဘယ်လို သိသလဲ။ ရမ်းသန်းအစ်အောက်လိုက်ပြီး သူ့ကို ကြည်စယ် လျှောင်ပြောင်နေသည်လား။ တကယ်တော့ ထိုနေ့က အဖြစ်အပျက်သည် နှစ်ပေါင်း သုံးဆယ် တိုင်လာပြီ ဖြစ်သည့်တိုင် မနေ့တစ်နေ့က အဖြစ်အပျက်လိုပင် သူ မှတ်မိနေပါသေးသည်။

❖ ❖ ❖

mgyoe.com

mgyoe.com SAMPLE BOOK

## ၁၉၈၆ ဒီဇင်ဘာ ၂ ရက်၊ အင်္ဂါ

ပထမဆုံး ကျောင်းတက်ရမည့် နေ့မို့ သူ့စိတ်တွေ လှုပ်ရှားနေသည်။ သူက နယ်မှ လာသော ကျောင်းသား ဖြစ်သဖြင့် အဆောင်နေတော့ ရန်ကုန်တက္ကသိုလ် (ပင်မ) ဝင်းအတွင်းမှာ ရှိသော ရွှေဘိုဆောင်မှာ နေရသည်။ ကျောင်းတက်တော့ ထိုခေတ်က တက္ကသိုလ်တွေ ထုံးစံအတိုင်း R.C ခေါ်သော Regional College တွေမှာ ၂ နှစ် တက်ရသည်။ တတိယနှစ်ကျမှ Main ဟု ခေါ်သော ရန်ကုန် တက္ကသိုလ် (ပင်မ ) မှာ တက်ရခြင်း ဖြစ်သည်။ ရန်ကုန်တွင် ကောလိပ် သုံးခုရှိရာ RC1, RC2, RC3 ဟု ခေါ်ကြသည်။ RC2 ဆိုတာကတော့ ရန်ကုန်တက္ကသိုလ်(ပင်မ)နှင့် အနီးဆုံး နေရာတွင် ရှိသော ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) ဖြစ်လေသည်။ သူတို့ တက္ကသိုလ်ကို လိမ္မော်ရောင် ကောလိပ်ဟုလည်း တင်စား ခေါ်ဆိုကြသည်။ လိမ္မော်ရောင် အုတ်ကြွပ်တို့ဖြင့် တည်ဆောက်ထားသော စာသင်ခန်းတို့ ရှိခြင်းကြောင့် ဖြစ်သည်။

တက္ကသိုလ်ကျောင်းသားပထမဆုံးနှစ်၊ပထမဆုံးနေ့တွင်လှိုင်တက္ကသိုလ်သို့ သွားရန် သူ ထွက်လာခြင်း ဖြစ်သည်။ ရာမညဆောင်ရှေ့ ကားမှတ်တိုင်မှ သူ ကားစီးရမည် ဖြစ်သည်။ ရန်ကုန်ထုံးစံအတိုင်း ကားတွေက ရှုပ်ယှက်ခတ်ကာ ပွတ်သိပ် ကျပ်သပ်နေ၏။ သူတို့မြို့တွင် လိုင်းကားအဖြစ် သုံးဘီးကားများကို စီးကြရာ ရန်ကုန်လို မဟုတ်ဘဲ ချောင်ချောင်ချိချိ ရှိလှသည်။

mgyoe.com

mgyoe.com

ထိုခေတ်က ရန်ကုန်တွင် ယခုခေတ် တွေ့မြင်ရန် ခဲယဉ်းသွားပြီ ဖြစ်သော B.M ဟီးနိုးကားများ၊ ၃၆ ဗိုက်ပူလို သစ်သားဘော်ဒီ အစိမ်းကြီးတွေနှင့် ကားများသာ ခေတ်စားလှသည်။ ကျန်တာကတော့ ဟိုင်းလပ်စ် ဟု ခေါ်သော ပစ်ကပ်ကားများ။ ထိုကားလေးတွေက ပိစိကွေးလေးတွေ ဖြစ်သည်။ အထဲတွင် မျက်နှာချင်းဆိုင် ခုံတန်းရှည် နှစ်တန်း ပါသည်။ ထိုမျက်နှာချင်းဆိုင် ထိုင်နေသော သူများ၏ ဒူးခေါင်းများကြား အလယ်တန်းဝယ် ဘက်ထရီအိုးအခွံ သေးသေးလေးများကို ခုံလေးတွေသဖွယ် လုပ်ထားသော ထိုင်ခုံလေးတွေလည်း ငါးခုံခန့် ပါတတ်သေးသည်။ ထိုထိုင်ခုံကို တတ်နိုင်သမျှ ဘယ်သူမှ မထိုင်ချင်ကြ။ တစ်ယောက် ထသွားလျှင် ကျန်သူက နောက်သို့ ဆုတ်ကာ နေရာပြောင်း၍ ထိုင်ပေးရသော ကြောင့် ကျဉ်းထဲကျပ်ထဲတွင် အလွန် ကသိကအောက် နိုင်လှသောကြောင့် ဖြစ်သည်။

ယောကျ်ားလေးတွေကတော့ ဟိုင်းလပ်စ်ကား စီးရလျှင် ကားထဲတွင် ဝင်မထိုင်ကြဘဲ ကားနောက်ဘက် ခြေနင်းခုံတွင် မတ်တတ်ရပ်ပြီး လက်က အမိုးတွင် တပ်ထားသော သံတန်းကို ကိုင်ကာ လိုက်စီးကြစမြဲ ဖြစ်သည်။ ဤသို့ မတ်တပ်ရပ် စီးရရာတွင်လည်း ခြေထောက်နှစ်ဖက်စလုံး ခြေနင်းခုံပေါ်တွင် ဟန်ဟန်ပန်ပန် ခြေချ လိုက်ပါခွင့် ရသည် မဟုတ်။ အင်မတန် များပြားလှသော လူအုပ်ကြီးကို ဆပ်ကပ်ထဲကလို တပြုံတမကြီး လိုက်ပါရသဖြင့် ခြေနင်းခုံတွင် ဘယ်ခြေ သို့မဟုတ် ညာခြေ တစ်ဖက်သာ နင်းခွင့် ရှိပါသည်။ အခြားခြေထောက် တစ်ဖက်မှာ လေထဲမှာပဲ တွဲလောင်းနေရပါသည်။ ခြေတစ်ပေါင်ကျိုး ဘဝနှင့် ကားနောက်မှ တွယ်လိုက်ရခြင်း ဖြစ်ပါသည်။ ဒါပေမဲ့ ရန်ကုန်သားများမှာ အကျင့် ရနေသည်လားမသိ၊ လျင်မြန်စွာမောင်းနေသော ကားနောက်မှ အားလုံး အေးအေး ဆေးဆေးပင် စကားပြောမပျက် လိုက်ပါနိုင်ကြလေ၏။ မှတ်တိုင်ရောက်လျှင် လည်း ကားကိုသေချာစွာ ရပ်တန့်ပေးသည် မဟုတ်။ "ယောကျ်ားလေးတစ်ယောက် ဆင်းမယ် ဆရာရေ့" ဟု ကားစပယ်ယာက အော်လိုက်လျှင် ကားကို မှတ်တိုင်တွင် အရှိန် လျှော့ပေးရုံသာ ပေးပါသည်။ ဆင်းမည့်သူက အရှိန် အနည်းငယ် လျှော့ကာ သွားနေသော ကားပေါ်မှ အပြေးတစ်ပိုင်း ခုန်ချရခြင်း ဖြစ်ပေ၏။ သို့သော် ရန်ကုန် သားတွေ အားလုံး ဒါတွေကို ကျွမ်းလေသည်။

ကားစောင့်နေဆဲဝယ် နံပါတ် ၅၀ ဘီအမ်ကားတစ်စီး ထိုးဆိုက်လာ

mgyoe.com

mgyee.com SAMPLE BOOK

သည်။ ခြေသွက်လက်သွက် ကားပေါ်သို့ တက်တတ်သော ရန်ကုန်သူ၊ ရန်ကုန်သား တွေ ကားပေါ်သို့ ရောက်သွား၏။ သူ့လို မတိုးတတ်၊ မဝှေ့တတ်သူများမှာ ဟိုက တက်ရမလိုသည်က တက်ရမလိုဖြင့် ယောင်နနဖြစ်ကာ ကားထဲ လူပြည့်သွားစမြဲ ဖြစ်သည်။ ကားစောင့်နေသူ အများစုမှာ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ ဖြစ်သည်။ ခဏကြာတော့ ကားတစ်စီး ထိုးဆိုက်လာသည်။ ဘီအမ်တော့ မဟုတ်။ ဟိုင်းလပ်စ်ကားတစ်စီး ဖြစ်သည်။ သူလည်း ရန်ကုန်သားများ အတုခိုးကာ အလု အယက် ဝင်ထိုင်လိုက်သဖြင့် ဘေးခုံတစ်ခုံ နေရာရသွားပေသည်။ ထိုစဉ် ကားပေါ် သို့ ကျောင်းသူတစ်ယောက် တိုးတက်လာသည်။ ခုံရှိသေးသည် ထင်ပြီး တက် လာရာ အထဲရောက်မှ ခုံမရှိမှန်း သိသော်လည်း ကားခေါင်မိုးမှာ နိမ့်လှသဖြင့် ချက်ချင်း ပြန်လှည့်ထွက်လို့ မလွယ် ဖြစ်နေသည်။ ထို့ကြောင့် သူက–

"လာ...ညီမ၊ ဒီမှာ ထိုင်" ဟု ဆိုကာ သူ ရထားသော နေရာကို ကောင်မလေး အား ပေးထိုင်လိုက်သည်။ သူကတော့ ရန်ကုန်သားတွေစတိုင်လ် လွယ်အိတ် ကို စလွယ်သိုင်းကာ ကားနောက်ခြေနင်းခုံတွင် မတ်တတ်ရပ်လိုက်သည်။ နေကာ မျက်မှန်နှင့်၊ တီရှပ်နှင့်၊ ဂျင်းဘောင်းဘီနှင့် ဆံပင်ရှည်ကုပ်ဝဲနှင့် သူ့စတိုင်လ်မှာ ဆရာကြီးစတိုင်လ် ဖြစ်သည်။ ကား စ,ထွက်ကတည်းက သူ့မှာ အတော်ကို ကသိ ကအောက် နိုင်လှသည်။ ခြေထောက်တစ်ဖက်တည်းဖြင့် ရပ်ထားရင်း အလိုက်သင့် လိုက်ပါရသည်မှာ မလွယ်ကူလှချေ။ ကားကွေ့လိုက်တိုင်း လူက ကားပေါ်မှ ပစ်ကျ တော့မလို ယိုင်သွားသည်။ သံတန်းလေး သေးသေးလေးကိုသာ အားယူ ဆွဲခို ထားရ၏။ ကားတွယ်စီးသူ အားလုံးကို သူ ရေတွက်ကြည့်ရာ သူအပါအဝင် ဆယ့်တစ်ယောက်တိတိ ရှိသည်။ သူတို့ ယောကျာ်း ဆယ့်တစ်ယောက် အားတွေ နှင့် ဝိုင်းဆွဲထားသော သံတန်း ပြုတ်ထွက်သွားလျှင် ဘာဖြစ်မည်နည်း။ နောက်သို့ လန်ကျကာ အားလုံး ကိစ္စချောမည် ဖြစ်သည်။ စပယ်ယာကောင်လေးကတော့ ချီးကျူးဖို့ ကောင်းသည်။ ဤမျှ တွယ်ကပ် လိုက်ပါလာနေသည့်ကြားက ကားခ ပိုက်ဆံများကို တစ်ယောက်ချင်း ရအောင် တောင်းကာ လွယ်အိတ်ထဲသို့ ထည့် နေ၏။ ကားခမှာ တစ်ယောက်လျှင် ငါးမူး (ပြား ၅၀) ဖြစ်သည်။ ပြား ၁၀၀ လျှင် တစ်ကျပ် ဖြစ်၍ ပြားငါးဆယ်၏ တန်ဖိုးကို ခန့်မှန်းနိုင်ပေ၏။ ကားစပယ်ယာကို ငါးမူးစေ့တစ်စေ့ ပေးလိုက်ပြီး သံတန်းကို လက်ပြန်ကိုင်လိုက်စဉ် ခြောက်မိုင်ခွဲ မှတ်တိုင်အနီးတွင် ကားသည် လမ်းကွေ့အတိုင်း အရှိန်နှင့် ကွေ့ချလိုက်သည်။

mgyee.com

mgyoe.com

ကားက စောင်းသွားသဖြင့် တွယ်စီးနေသော လူအုပ်ကြီးက သူ့ဘက်သို့ ယိုင်ကျလာသည်။ သူ့ကို ကားပေါ်မှ ဝိုင်းတွန်းချလိုက်သလိုပင် ဖြစ်သည်။ အမှန်တော့ ထိုသို့ဖြစ်လာလျှင် ခန္ဓာကိုယ်ကို တောင့်ခံမထားရ၊ လူအုပ်နှင့်အတူ အလိုက်သင့် ယိမ်းနွဲ့ပေးရသည်ကို နောက်မှ ရန်ကုန်ပါးဝလာသောအခါ သူ သဘောပေါက်လာသည်။ အဲဒီတုန်းကတော့ မသိ။ လူအုပ်ကို ပြန်တောင့်ထားရာ မခံနိုင်တော့ဘဲ ကားပေါ်မှ သူ ပြုတ်ကျသွားလေသည်။

"ဟာ"

"ဟင်"

"အမယ်လေး"

ကံကောင်းထောက်မစွာ ကတ္တရာလမ်းနှင့် သူ့ခေါင်း မရိုက်မိဘဲ ဘေးတစောင်း ပြုတ်ကျရာ ဂျင်းဘောင်းဘီရှည် ဝတ်ထားသောကြောင့် သိပ်ပြီး ကြီးကြီးမားမား မထိခိုက်မိ။ လူကတော့ တာလမ်းမပေါ်တွင် အရှိန်ဖြင့် နှစ်ပတ်၊ သုံးပတ် လိမ့်သွားသည်။ ကားသမားက ကားရပ်၍ တစ်ချက်လာကြည့်ပြီး သူ ထ,ထိုင်နေတာ မြင်တော့ ကားကို ဆက်ပြီး မောင်းထွက်သွားသည်။ ကားပေါ်မှ မိန်းကလေး တစ်ယောက် ဆင်းလာတာကို တွေ့လိုက်သလို ရှိသည်။ သူ့လက်မောင်း တံတောင်ဆစ်မှ ထွက်နေသော သွေးများကို တီရှပ်ဖြင့် သုတ်နေစဉ် သင်းပျံ့သော ရေမွှေးရနံ့ကို ရ၏။ သူ မော့ကြည့်လိုက်တော့ ကားပေါ်မှ အတူ လိုက်ပါလာသော သူ ထိုင်ခုံနေရာ ဖယ်ပေးလိုက်သည့် ကျောင်းသူလေး။ မြန်မာဆန်ဆန် အဝါရောင် ဝမ်းဆက်ဝတ်စုံလေးကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ မွေးပွလွယ်အိတ်ကြီးထဲမှ လက်ကိုင်ပဝါ တစ်ထည်ကို ထုတ်လိုက်ပြီး-

"ရော့... ဒါနဲ့ စည်းထား၊ ကျောင်းထဲမှာ ဆေးခန်းရှိတယ်၊ အဲဒီ သွားကြမလား၊ ကျွန်မ လေးဘီး ငှားလိုက်မယ်"

ထိုစဉ်က ရန်ကုန်တွင် တက္ကစီကို လေးဘီးဟု ခေါ်သည်။ မာဇဒါ ဘီ ၆၀၀ ကားပြာလေးတွေ ဖြစ်သည်။

"ရပါတယ်၊ ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ပါဘူး၊ ကျွန်တော်က တစ်ခါမှ ခုလို ကားတွယ်မစီးဖူးလို့ ဖြစ်သွားတာပါ"

"ကျွန်မအတွက် နေရာဖယ်ပေးရင်း ဖြစ်ခဲ့တော့ စိတ်မကောင်းလို့ပါ၊ ကျွန်မလည်း ဒီနေ့မှ ကျောင်းစတက်မယ့် ကျောင်းသူအသစ်ပါ၊ ရတနာဆောင်မှာ နေပါတယ်"

mgyoe.com

"ဟုတ်ကဲ့၊ ဒါနဲ့ ငါ့နာမည် ညီညီဇော်၊ နင်နဲ့ ငါနဲ့ အသက်အတူလောက်ပဲ ထင်တာပဲ၊ ငါက အီးမေဂျာ first year ရွှေဘိုဆောင်မှာ နေတယ်၊ ပြည်မြို့က လာတာ"

ကောင်မလေးက သူ့နှလုံးသားထဲအထိ စိမ့်ဝင်ထိုးဖောက် ဝင်ရောက်သွားမည့် အပြုံးဖြင့် ပြုံးပြကာ သူ့ကို ပြန်၍ စကားဆိုသည်။

"အေး ငါတို့သူငယ်ချင်း ဖြစ်ရတာ ကောင်းတာပေါ့၊ လာ... ဟိုမှာ လာနေတဲ့ ၅၀ ကားပဲ သွားစီးရအောင်"

"၅၀ ကားလည်း စီးတာပေါ့၊ နင့်နာမည်နဲ့မေဂျာ ပြောဦးလေ၊ ဘယ်မြို့က လာတာလဲ"

ကောင်မလေးက ပြုံးစစနှင့်–

"ဟုတ်လား၊ သိချင်ရင် ပြောရတာပေါ့၊ ကျိုက်ထိုက လာတာ၊ I.R ပထမနှစ် စ,တက်မှာ၊ ငါ့နာမည် ကလျာငြိမ်း၊ သူငယ်ချင်းတွေက ငြိမ်းလို့ပဲ ခေါ်ကြတယ်"

❖

ညက ရင်ခတ်ငြိမ်း တစ်ညလုံး အိပ်မပျော်။ နံနက်လင်းသည်နှင့် မိတ်ဆွေ ဖြစ်သူ Heaven Spirit တေးဂီတမှ ဂီတသမားဖြစ်သူ ခိုင်တိုးထံသို့ ဖုန်းဆက်ပြီး ရန်ကင်းစင်တာမှ ကော်ဖီဆိုင်မှာ ချိန်းလိုက်သည်။ သူတို့ တေးရေးဆရာများ၊ ဂီတသမားများ ထိုကော်ဖီဆိုင်လေးမှာ ထိုင်နေကျ ဖြစ်သည်။ တေးရေး မောင်သစ်မင်း မကွယ်လွန်မီက ထိုဆိုင်လေးသို့ နေ့တိုင်း လာတတ်သည်။ တေးရေး ဝင်းမင်းထွေးနှင့် မင်းချစ်သူ၊ မြင့်မိုးအောင်တို့လည်း ဤ ဆိုင်သို့ အမြဲလိုလို လာတတ်သည်။ ယနေ့တော့ စောသေးသဖြင့် ဘယ်သူမှ မရောက်သေး။ သူတစ်ယောက်တည်း ဝီရိယကောင်းကာ နံနက် ၈ : ၄၅ နာရီမှာပင် ရန်ကင်းစင်တာသို့ ရောက်နေလေသည်။ ခဏကြာတော့ ခိုင်တိုး ရောက်လာသည်။

"လာ... ကိုတိုးကြီး ဘာသောက်မလဲ"

"ဘာလဲဟ... နင့်ဟာက စောစောစီးစီး၊ သီချင်းအသစ်တစ်ပုဒ် ရေးပြီးသွားလို့ အကြမ်း ပြချင်လို့လား၊ ပေးလေ နားထောင်မယ်၊ ဖုန်းထဲမှာပဲလား၊ မြန်မာ

mgyoe.com

အိုင်ဒယ်က အဆိုတော် အသစ်တစ်ယောက်ကတောင် မင်းဆီက သီချင်း ဝယ်ချင်လို့တဲ့ ပြောနေတယ်"

"မဟုတ်ပါဘူးဗျာ၊ အခုခေါ်တာ သီချင်းကိစ္စ မဟုတ်ဘူး၊ ဘဝကိစ္စဗျ၊ ဘဝကိစ္စ"

"ထူးထူးဆန်းဆန်းပါလား ..ဘဝတွေ ဘာတွေနဲ့ မနက်စောစောစီးစီး"

"ဒီလိုဗျ .. ခင်ဗျား နောက်ဘဝ ရှိတယ် ဆိုတာ ယုံလား"

"ဘယ်လို... ဘယ်လို"

"လူသေပြီးရင် ပြီးသွားတာလား၊ နောက်ဘဝ ရှိသေးလား"

"ဟာ... သောက်ဆန်းကြီးပါလားဟ၊ ဟော့ကောင် အဲဒါ ဆရာတော် ရှင်ဆန္ဒာမိကတို့၊ ဦးဓောတိကတို့၊ ပါမောက္ခချုပ် ဆရာတော်ကြီးတို့၊ သီတဂူဆရာတော်ကြီးတို့ ယောဆရာတော်ကြီးတို့ သွား မေးမြန်း လျှောက်ထားရမှာလေကွာ၊ ငါက ဓမ္မကထိကမှ မဟုတ်တာ"

"အဲဒါတော့ အဲဒါပေါ့ကွာ၊ လိုအပ်ရင် နောက်တော့ မင်းပြောတဲ့ ဆရာတော်တွေဆီ သွားမေးမှာပါ၊ အဲဒီအဆင့်အထိ မရောက်ခင် မင်းက ဗုဒ္ဓဘာသာဆိုတော့ မင်းဆီမှာ အရင် တီးခေါက်ကြည့်တဲ့ အပိုင်းပါ၊ ငါ မကျွမ်းတဲ့ အပိုင်းဖြစ်နေလို့၊ ပြီးတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါက ရုပ်ဝါဒသမား ဆိုတော့ ကံ ကံ၏ အကျိုး ဆိုတာကိုလည်း မယုံဘူး၊ လူဆိုတာ သေရင် ပြီးပြီ၊ နောက်ဘဝလည်း မရောက်ဘူး၊ ဘုရားသခင်ဆီလည်း မရောက်ဘူး၊ ငရဲလည်း မရောက်ဘူး၊ ကောင်းကင်ဘုံလည်း မရောက်ဘူး၊ ပန်းတစ်ပွင့်လိုပဲ သေရင်ပြီးပြီလို့ ယုံတဲ့ကောင်၊ အခု ငါ ယုံကြည်တာနဲ့ ငါ ကြုံနေရတာ ပဋိပက္ခ ဖြစ်နေတယ်"

"မင်းပြောတာ ကြားရတော့ သီတဂူဆရာတော် ဟောတဲ့ ပါယာသိမင်းကြီးနဲ့ အရှင်ကုမာရကဿပ ရဟန်းတော် အကြောင်းတောင် သတိရမိတယ်၊ မနေ့ကမှ ငါ့ အိမ်နားက တရားပွဲမှာ ဟောသွားလို့ မှတ်မိနေတာ"

"ဟုတ်လား၊ ငါနဲ့ ဘယ်လို ဆိုင်နေလို့လဲ"

"ဒီလိုကွ၊ ဗုဒ္ဓဘုရားရှင်လက်ထက် ကောသလတိုင်း သေတဗျမြို့မှာ ပါယာသိမင်း ဆိုတာ ရှိတယ်၊ အဲဒီဘုရင်က မင်းလိုပဲ နောက်ဘဝရှိတယ် ဆိုတာ မယုံဘူး၊ သေရင်ပြီးပြီလို့ပဲ ယူဆတယ်၊ အဲဒီမြို့ကို ရောက်လာတာ ရဟန်း ငါးရာရဲ့ အကြီးအမှူးဖြစ်တဲ့ အရှင်ကုမာရကဿပ ဆိုတဲ့ အရှင်မြတ်၊ သူကလည်း

mgyoe.com

ပေ့ါသေးသေး မဟုတ်ဘူး၊ စကားပြောရာမှာ ဆန်းဆန်းကြယ်ကြယ် အံ့သြဖွယ်ရာ တရားစကားတွေကို ဟောကြားရာမှာ အတော်ဆုံး အကောင်းဆုံး ဧတဒဂ်ဘွဲ့ထူး ရရှိတဲ့ သူတဲ့ ဟ"

"ဧတဒဂ် ဆိုတာ ဘာလဲ သူငယ်ချင်း"

"ဘုရားက ချီးမြှင့် မှည့်ခေါ်ထားတဲ့ ဘွဲ့ထူးဂုဏ်ထူးပါပဲ၊ သက်ဆိုင်ရာနယ်ပယ်အလိုက် မြတ်စွာဘုရားက လွဲရင် အတော်ဆုံး ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးနာမည်ကောင်းပေ့ါကွာ၊ အဲဒီမှာ တွေ့တာပဲပေ့ါ... ဘုရင်ကြီးကလည်း အငြင်းကသန်သန်၊ နောက်ဘဝ မရှိဘူး၊ လူသေရင် နောက်ဘဝ ကူးတာ မဖြစ်နိုင်ဘူး ဆိုပြီးလက်တွေ့ သုတေသနပြုချက်တွေနဲ့ အကျောက်အကန် ငြင်းတာ၊ အရှင်ကုမာရကဿပ ကလည်း နောက်ဘဝရှိကြောင်း တစ်ဆင့်ချင်း ထုချေ ရှင်းလင်းတာပဲကွ၊ သူတို့ ငြင်းခုံပွဲဟာ အဲဒီခေတ် အဲဒီအခါက နာမည်ကြီးလွန်းလို့ မြို့သူမြို့သားတွေဟာ နန်းတော်ကို ရောက်လာပြီး တစ်မြို့လုံး နားထောင်ကြတဲ့ အထိပဲ"

"ဟုတ်လား... ဘယ်သူနိုင်လို့ ဘယ်သူ ရှုံးသလဲ"

"နိုင်တာ ရှုံးတာ အသာထားဦး၊ ဘုရင်ကြီး ပြောတဲ့ စကားတွေကတကယ်ကို အကျပ်ရိုက်စရာတွေချည်းပဲ၊ သူဟာတဲ့ သေဒဏ်ကျနေတဲ့ ရာဇဝတ်သားကိုတဲ့ စဉ့်အိုးထဲမှာ ထည့်ပြီး နွားသားရေနဲ့ အိုးအဝကို အလုံပိတ်ပြီးရာဇဝတ်သားကို သေအောင် မီးနဲ့မြိုက်ပြီး သတ်ပါတယ်တဲ့၊ သေသွားတာသေချာတဲ့ အခါမှာ ဝိညာဉ်ထွက်သာရုံ အပေါက်ကလေး သေးသေးလေး ဖောက်ထားပြီး တစ်ချိန်လုံး စောင့်ကြည့်နေပါတယ်တဲ့၊ ဒါပေမဲ့ ဝိညာဉ် ထွက်သွားတာကို မမြင်ရပါဘူးတဲ့၊ ဒါ့ကြောင့် နောက်ဘဝ ရှိတယ်ဆိုတာ သူ မယုံပါဘူးတဲ့"

"ဘုန်းကြီးက ဘာပြန်ဖြေလဲ"

"ဘုန်းကြီး ဖြေတာက ဒကာတော်မင်းကြီးတဲ့၊ နေ့ခင်းဘက် အပန်းဖြေအိပ်စက်နေတုန်း သာယာလှတဲ့ ဥယျာဉ်အတွင်းမှာ သွားလာ လည်ပတ်နေရတာမျိုး အိပ်မက် မြင်မက်ဖူးပါသလားတဲ့၊ မြင်မက်ဖူးတယ်လို့ ဘုရင်ကြီးကဖြေတော့ အဲဒီလို အိပ်မက်မက်နေတဲ့ အချိန်မှာ အသင်မင်းကြီး၏ အသက်လိပ်ပြာသည် ထိုဥယျာဉ်ပန်းခြံ ရေကန်ဆီသို့ ထွက်သွားသည်ကို အစောင့်များကမြင်လိုက် တွေ့လိုက်ပါသလားလို့မေးတာဗျ၊ အဲဒီလိုမေးတော့ ဘုရင်ကြီးက အစောင့်တွေ မမြင်ပါဘူးလို့ ဖြေတယ်၊ အဲဒီတော့မှ အရှင်ကုမာရကဿပ မထေရ်က

mgyoe.com

ပါယာသိမင်းကြီး... အသက်ရှင်နေဆဲ ဖြစ်သော မင်းကြီး၏ အသက်လိပ်ပြာက အိပ်မက်အတွင်း ထွက်ချည် ဝင်ချည် ပြုနေသည်ကို သင်မင်းကြီးအား စောင့်ကြည့်နေကြသည့် မောင်းမများက မမြင်တွေ့ကြရလျှင် သေသွားသော ပုဂ္ဂိုလ်တစ်ဦး၏ အသက်ဝိညာဉ်ကို သင်မင်းကြီး ရှာဖွေ၍ တွေ့နိုင်ပါအံ့လောလို့ ပြန်ဖြေတယ်ဗျ"

"တော်တော် ကတ်သီးကတ်သတ် မေးတတ်တဲ့ ဘုရင်ပဲ"

"အေးကွ၊ သူက မေးသေးတယ်၊ သူ့အသက် သတ်ခြင်း၊ သူများ ဥစ္စာခိုးခြင်း စတဲ့ မကောင်းမှု ကျူးလွန်တဲ့ သူတွေကို သူက မှာထားတယ်တဲ့၊ အမောင်တို့ သေလွန်ပြီးနောက် အကယ်၍ ငရဲပြည်သို့ ရောက်သွားလျှင် ငရဲအိုးသို့ မဆင်းမီ ငါ့ထံ လာရောက်ပြီး ငရဲရှိကြောင်းကို ပြောစမ်းပါဟု တပည့်တော် မှာကြားလိုက်ပါတယ်တဲ့၊ အဲဒီလူတွေကလည်း ကောင်းပါပြီလို့ ကတိပေးကြပါတယ်တဲ့၊ ဒါပေမဲ့ တစ်ဦးတစ်ယောက်မျှ ပြန်လာ၍ မပြောကြားကြပါ ဘုရားတဲ့၊ ဒါ့ကြောင့် နောက်ဘဝ မရှိ၊ ငရဲမရှိ၊ အကုသိုလ်ကံနှင့် ထိုကံ၏ အကျိုး မရှိဟု တပည့်တော် ယုံကြည်တယ်လို့ ပြောသေးသဟ"

"တယ်လာတဲ့ ဘုရင်ကြီးပဲ ထောင့်ကို စေ့နေတာပဲ၊ အဲဒီတော့ ဘုန်းတော်ကြီးက ဘယ်လို ပြန်ဖြေသလဲ"

"အရှင်ကုမာရကဿပ ဖြေတာက–မင်းကြီးတဲ့ ရာဇဝတ်မှုတစ်ခုကြောင့် မင်းကြီးက သေဒဏ်ချမှတ်လိုက်တဲ့ ရာဇဝတ်ကောင်ကို အာဏာပါးကွက်သားတွေက ကြိုးတုပ်ပြီး သုသာန်မှာ သတ်ရန် ပြင်ဆင်ကြတယ် ဆိုပါစို့တဲ့၊ အဲဒီအခါမှာ ရာဇဝတ်သားက ခေတ္တ ဆိုင်းကြပါဦး၊ ကျွန်ုပ်၏ ဆွေမျိုးများထံသို့ သွား၍ နှုတ်ဆက်ပါရစေဦးလို့ ခွင့်တောင်းရင် ခွင့်ရနိုင်ပါ့မလားလို့ မေးတာဟ၊ အဲဒီတော့ ဘုရင်ကြီးက ခွင့်မရနိုင်ပါ၊ ထိုသူ ငိုကြွေး မြည်တမ်းဆဲမှာပင် အာဏာ ပါးကွက်သားများက ကွပ်မျက် သတ်ဖြတ်လိုက်မည် ဖြစ်ပါတယ်လို့ ပြန်ဖြေတယ်၊ အဲဒီအခါ ရှင်ကုမာရကဿပက မင်းကြီး၊ လူသားအချင်းချင်းကပင် ခွင့်မပြုနိုင်ကြသေးလျှင် ငရဲထိန်းတို့ကား ဒုစရိုက်သားအား သင်မင်းကြီးထံ အဘယ်မှာ ပြန်ခွင့်ပြုနိုင်ပါအံ့နည်း၊ ထိုသူအား ငရဲအိုးထဲသို့ ချက်ချင်း ပစ်ချလိုက်မည်သာတည်း၊ ထို့ကြောင့် သင်မင်းကြီး၏ အယူမှားကို စွန့်လွှတ်ပါလော့လို့ ပြန်ပြောလိုက်တာပဲကွ"

mgyoe.com

mgyoe.com SAMPLE BOOK

ရင်ခတ်ငြိမ်းသည် ကော်ဖီကို တစ်ကျိုက် သောက်လိုက်ရင်း –

"အဲဒီဘုရင်ကြီး သေပြီး ငါပဲ ဝင်စားသလားတော့ မသိဘူး၊ ငါလည်း ခုထိ နောက်ဘဝတွေ ဘာတွေ မယုံသေးဘူးဟ"

"ဘုရင်ကြီး သေပြီး မင်းကို ဝင်စားတယ်လို့ စ,နောက်နေတာကိုက မင်းရဲ့ မသိစိတ်မှာ လူဝင်စားတာကို လက်ခံနေလို့ဟ၊ အဲဒါ နောက်ဘဝကို လက်ခံတာပဲ"

"အေးပါကွာ ထားပါတော့၊ သူတို့ ဆက်ငြင်းကြတာ ဘာတွေ ဖြစ်ကြသေးလဲ"

"ဘုရင်ကြီးကလည်း အတော် လက်ပေါက်ကတ်တဲ့ လူကြီးကွ၊ တော်တော်နဲ့ လက်မလျှော့ဘူး၊ ထပ်ပြီး ဥပမာပေးတယ်၊ ဘာလဲဆိုတော့ သူက ဘုရင်ဆိုတော့ ရာဇဝတ်သားတွေကို အမျိုးမျိုး စမ်းသပ်နေတာ ထင်တယ်၊ သူ ပြောတာက သူကတဲ့၊ မင်းချင်းတွေကို အမိန့်ပေးထားတယ်တဲ့၊ သေဒဏ်ကျ ရာဇဝတ်သားရဲ့အရေပါး၊ အရေထူတွေကို အလွှာလိုက် လွှာစေပြီး အသက်ကို ရှာစေပါသတဲ့၊ အဲဒီမှာ အသက်ကို မတွေ့ရတော့ အရေထူ၊ အရေထူမှာ မတွေ့တော့ အသားတွေကို အတစ်လိုက် လှီးဖြတ်ပြီး ရှာစေပြန်သတဲ့၊ မတွေ့တဲ့အခါ အကြောတွေကို တစ်ချောင်းစီ ဖြတ်ပြီး ရှာပါသတဲ့၊ အဲဒီမှာလည်း မတွေ့တော့ အရိုးတွေကို တစ်ချောင်းစီ ဖြတ်ပြီး အရိုးတွေကို တစ်ဆစ်စီ ဖြတ်စေပြီး အသက်ကို ရှာပါသတဲ့၊ ရိုးတွင်းခြင်ဆီအထိ လိုက်ရှာပေမယ့် အသက်ဝိညာဉ်ကို မတွေ့တဲ့အတွက် နောက်ဘဝ မရှိလို့ ယုံကြည်တုန်းပဲလို့ ပြောတာကိုးကွ "

"တော်တော် သုတေသနပြုတဲ့ ဘုရင်ကြီးပဲ၊ ခံရတဲ့ သူတော့ မသက်သာလောက်ဘူးကွ"

"အေးကွ… ဒီတော့ ဆရာတော်ဘုရားက ပြန်ဖြေတယ်၊ မင်းကြီး ဥစ္စာက တောသားသူငယ်လေး တစ်ယောက် မီးကို ရှာတာနဲ့ တူနေပြီတဲ့၊ တစ်ခါတုန်းက ရသေ့ကြီးတစ်ပါးမှာ အသက် ၁၂ နှစ်အရွယ် မွေးစားသား တစ်ယောက်ရှိတယ်တဲ့၊ သူဟာ ငယ်စဉ်ကတည်းက ရသေ့ကြီးနဲ့ တောထဲမှာပဲ နေနေပြီး အခြား ဘယ်ကိုမှ မရောက်ဖူးဘူးတဲ့၊ တစ်နေ့တော့ ရသေ့ကြီးက မြို့ကိုသွားဖို့ ကိစ္စ ပေါ်လာတာနဲ့ မီးပူဇော်ထားတာကို မငြိမ်းအောင် ဂရုစိုက်ပါ၊ မီး လိုချင်ရင် ပွတ်ခုံနဲ့ ပွတ်ကျည်ကို ပွတ်တိုက်ပြီး မီးရအောင် လုပ်ပါလို့ မှာခဲ့တယ်၊ သူငယ်

mgyoe.com

mgyoe.com  SAMPLE BOOK 

လေးဟာ ကစားနေတဲ့အတွက် မီးငြိမ်းပြီးမှ သိတယ်၊ မီးမွေးဖို့ ပဲခွပ်ကို ကိုင်ပြီး မီးရှာတယ်၊ မီးလိုချင်ရင် ဘယ်လို လုပ်ရမယ်ဆိုတာ သူ မမှတ်မိဘူး၊ သူမှတ်မိတာက မီးလိုချင်ရင် ပွတ်ခုံနဲ့ ပွတ်ကျည်ထဲမှာ ရှာပါ ဆိုတာကိုပဲ မှတ်မိတာကိုး၊ အဲဒါကြောင့် မီးဟာ ပွတ်ခုံနဲ့ ပွတ်ကျည်ထဲမှာ ရှိမယ်ထင်ပြီး သစ်သားနဲ့ လုပ်ထားတဲ့ ပွတ်ခုံနဲ့ ပွတ်ကျည်ကို ပဲခွပ်နဲ့ ခွဲစိတ်ပစ်လိုက်တယ်၊ အစိတ်စိတ် အမြွာမြွာ ဖြစ်သွားပေမယ့်လည်း မီးကို မတွေ့ဘူး၊ အဲဒါကြောင့် ပွတ်ခုံနဲ့ ပွတ်ကျည်ရဲ့ အစအနတွေကို ဆုံထဲ ထည့်ပြီး ထောင်းပြန်တယ်၊ ထောင်းလို့ အမှုန့်ဖြစ်သွားပေမယ့် မီးကို မတွေ့ဘူး၊ ရသေ့ကြီး ပြန်လာတော့မှ အကျိုးအကြောင်း သိပြီး မိုက်လိုက်တဲ့ကောင်၊ ပွတ်ခုံနဲ့ ပွတ်ကျည်တို့ကို ခွဲစိတ်ပြီး မီးကို ရှာရသတဲ့၊ ဘယ်လိုလုပ် တွေ့မှာလဲဟလို့ ဆုံးမတယ်၊ အခု ဒကာတော်မင်းကြီး ဖြစ်နေတာလည်း လူတစ်ကိုယ်လုံးကို အစိတ်စိတ် အမြွာမြွာ ခွဲခြမ်းစိတ်ဖြာ အသက်ကို ရှာဖွေတယ် ဆိုတာ တောသားသူငယ်က မီးကိုရှာသလို ဖြစ်နေတယ်လို့ ဆုံးမတာပေါ့၊ တိုတိုပြောရရင် ဘုရင်ကြီးက ဆက်ငြင်းနေလို့ ရှင်ကုမာရကဿပထေရ်က ဥပမာပေါင်း ၁၄ ခု အထိ ပေးပြီး ရှင်းတော့မှ ပါယာသိမင်းကြီးဟာ နောက်ဆုံးမှာ လက်ခံပြီး နောက်ဘဝ ရှိတယ်ဆိုတာရယ်၊ ကံ ကံ၏ အကျိုးပေး ဆိုတာ ရှိတယ်ဆိုတာကို လက်ခံပြီး ဘုရား၊ တရား၊ သံဃာကို ကိုးကွယ် ယုံကြည်သူ ဖြစ်လာတယ်လို့ ဆရာတော်ကြီး တရားထဲမှာ ငါ နာကြားဖူးတာပဲကွ၊ နေပါဦး... မင်းက ဗြုန်းစားကြီး ကောက်ကာငင်ကာ ဘာဖြစ်လို့ နောက်ဘဝ ရှိ၊ မရှိတွေ ဘာတွေ စိတ်ဝင်စားသွားရတာတုံး၊ မင်း အရင်က ဖတ်နေတဲ့ မော်စီတုန်းတို့၊ လီနင်တို့၊ ကားလ်မတ်စ်တို့၊ အိန်ဂျယ်တို့ စာအုပ်တွေထဲမှာ အဲဒါတွေ မပါဘူးလား”

“မနောက်ပါနဲ့ တိုးကြီးရာ၊ ငါက ဘာကိုမှ မယုံတဲ့ကောင်ကွ၊ နောက်ဘဝဆိုတာလည်း မယုံဘူး၊ အရင်က ကွန်မြူနစ်ဝါဒကို ယုံခဲ့တာ၊ အခုဆို ကွန်မြူနစ်ဝါဒလည်း အရင်ကလောက် မယုံတော့ပါဘူး၊ Free thinker ပေါ့ကွာ၊ ဘယ်ဘာသာကိုမှ မယုံဘဲ လွတ်လပ်စွာ တွေးခေါ်သူပေါ့၊ အခုဖြစ်နေတာ ဒီလိုကွ၊ မနေ့က ကျောင်းထဲကို သွားရင်း ကောင်မလေးတစ်ယောက်ကို တွေ့တယ်ကွ၊ တွေ့တွေ့ချင်းကွာ မင်းကို မြင်စေချင်တယ်၊ ငြိမ်း၊ အဲ... ကလျာငြိမ်းမှ ကလျာငြိမ်းပဲ ဟေ့ကောင်၊ အဲဒါကို ငါ့စိတ်ထဲက သိနေတယ်၊ ဒါပေမဲ့ ငါ ယုံကြည်ထားတဲ့ အယူဝါဒတွေက လက်မခံဘူး၊ အဲဒီတော့ ငါ ဘာဆက်လုပ်ရမှန်း မသိဘူး၊

mgyoe.com

m g y p e . c o m SAMPLE BOOK


ကောင်မလေးအကြောင်း ဆက်ပြီး လေ့လာရမှာလား၊ ထင်ယောင်ထင်မှား ဖြစ်တာပါ ဆိုပြီး တစ်ခါတည်း အဆက်ဖြတ်လိုက်ရမှာလား၊ ငါ့ မသိစိတ်ကတော့ သူ့ကို ကလျာငြိမ်း ပြန်လာတယ်လို့ပဲ ထင်နေတယ်၊ ငါထင်တာဟာ ယုတ္တိမရှိဘူး ဆိုတာလည်း သိပါတယ်၊ ဒါပေမဲ့ သူ့ကို စတွေ့လိုက်တာနဲ့ လွန်ခဲ့တဲ့ အနှစ် သုံးဆယ်က ငြိမ်းကို ပြန်တွေ့လိုက်သလိုပဲကွာ၊ ထူးဆန်းတာက သူ့ အခုနာမည်ကလည်း ငြိမ်းစံတဲ့၊ ပြီးတော့ ငါ့ကို သူ မှတ်မိနေတယ်၊ ဘယ်သူမှ မသိတဲ့ အဖြစ်အပျက် တစ်ခုကိုတောင် သူက သူ့သူငယ်ချင်းကို ပြောပြလိုက်သေးတယ်၊ ငါ ဘာဆက်လုပ်ရမလဲ သူငယ်ချင်း"

"ငါက ဗုဒ္ဓဘာသာဝင် ဖြစ်တာနဲ့ မင်းကို နောက်ဘဝ ရှိတာ ယုံရမယ်၊ လူဝင်စားကို ယုံရမယ်၊ ၃၁ ဘုံကို ယုံရမယ်လို့ အတင်း မတိုက်တွန်းချင်ပါဘူးကွာ၊ ဒါပေမဲ့ မင်းနဲ့ငါ ခင်လာတာ ကြာပြီ၊ ငါ ဂစ်တာသမား ဖြစ်ခါစ မအောင်မြင်သေးချိန် စားသောက်ဆိုင်တွေမှာ တီးနေတဲ့ အချိန်၊ မင်းလည်း ရုန်းကန်နေရတဲ့ သီချင်းရေးဆရာ ပေါက်စဘဝကတည်းက သိခဲ့ကြတာကွာ၊ အဲဒီအချိန်ကတည်းက မင်း ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားတာ ငါ မကြားဖူးပါဘူး၊ မင်းရဲ့ ငြိမ်းအကြောင်းက လွဲလို့ ဘယ်မိန်းမအကြောင်းမှ မင်းပါးစပ်က မပြောခဲ့ဖူးဘူး၊ ရေးလိုက်တဲ့ သီချင်းတွေမှာလည်း အလွမ်းသီချင်းတွေ များတယ်၊ အခုမှ ထူးထူးခြားခြား ပြောလာပြီဆိုတော့ ဘာပဲဖြစ်ဖြစ် မင်းဘဝမှာ အပြောင်းအလဲတစ်ခုပဲ၊ ကောင်းသော ပြောင်းလဲခြင်းလို့ ငါ ထင်တယ်၊ မင်း ယုံတာ မယုံတာ အပထား၊ ဒီကောင်မလေးကြောင့် မင်းဘဝ ပြန်လည် ရှင်သန်လာနေသလိုပါပဲ၊ အဲဒီတော့ ငါ အကြံပေးချင်တာက လူဝင်စားပဲ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ဒီကောင်မလေးနဲ့ မင်း လက်တွဲမဖြုတ်နဲ့တော့"

"ငါ မင်းကို မေးချင်တာ ရှိသေးတယ်ကွ၊ ငါ စဉ်းစားမရတာ တစ်ခု ရှိတယ်"

"ဘာလဲဟ"

"လူသေပြီး ပြန်ဝင်စားရင် သေတဲ့ ရက်စွဲနဲ့ ပြန်ပြီး မွေးဖွားတဲ့ ရက်စွဲ ဟိုဟာကွာ ကိုယ်ဝန်ရှိတဲ့ ရက်စွဲဟာ ကိုက်ရတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ လောက်လန်းသဖွယ် ဝိညာဉ်တွယ် ဆိုတဲ့စကား ရှိတယ်"

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

"ဒီဘဝမှာ သေပြီး နောက်ဘဝမှာ လူဖြစ်တယ် ဆိုတာ ဗုဒ္ဓ တရားတော်

mgyoe.com

. အရ ဝိညာဉ် ဆိုတာကြီးက ဟိုအထဲက ထွက်၊ သည် ခန္ဓာကိုယ်ထဲ ဝင် ဆိုပြီး ဖြစ်တာမျိုး မဟုတ်ဘူး၊ သူ့ရဲ့ Process က သေမယ့်သူဟာ စုတိစိတ်လို့ ခေါ်တဲ့ သေမယ့်စိတ် ဖြစ်လာတာနဲ့ တစ်ပြိုင်နက် ဟိုဘက်ဖြစ်ရမယ့် ဘဝသစ်မှာ ပဋိသန္ဓေစိတ် ဆိုတာ ဖြစ်တယ်၊ တကယ်တော့ ဘဝကူးတယ် ဆိုတာ စိတ်အစဉ်အတန်း တစ်ခုရဲ့ ဖြစ်ပျက်မှုပဲ၊ ဒီဘဝရဲ့ နောက်ဆုံးစိတ်ဟာ ဟိုဘက် ဘဝသစ်ရဲ့ အစဦးဆုံး စိတ်ပဲ၊ အကောင်အထည်လိုက်ကြီး ဝိညာဉ်ဆိုပြီး ကူးသွားတာ မဟုတ်ဘူး၊ အဲဒီတော့ ပိုးကောင်၊ လောက်ကောင်တွေဟာ ရွေ့လျားတဲ့အခါ ခန္ဓာကိုယ်ဟာ ရှေ့ကို ကုပ်မိမှ နောက်က ကုပ်ထားတာကို လွှတ်လေ့ ရှိတယ်၊ ဘဝကူးတယ် ဆိုတာလည်း အဲဒီလိုပဲတဲ့၊ သေမယ့် သူဟာ စုတေစိတ် ဖြစ်တာနဲ့ ဟိုဘက်ဘဝအတွက် အသစ်ဖြစ်ရမယ့် ပဋိသန္ဓေစိတ်ဟာ ဖြစ်ပြီးမှ စုတိစိတ် ကျတယ်၊ ဟိုဘက်ကို ခြေတစ်လှမ်း လှမ်းပြီးမှ ဒီဘက်က အသက်ကို စွန့်တယ်၊ သေတယ်လို့ ပြောတာကွာ"

"ဟုတ်ပြီလေ၊ အဲဒီတော့ မင်း ဆိုလိုတာက သေတဲ့ အချိန်နဲ့ ဟိုဘက်မှာ သွားဖြစ်ရမယ့် အချိန်ဟာ တစ်ပြိုင်တည်း မဟုတ်လား"

"နတ်တို့၊ ငရဲသားတို့ ဆိုရင်တော့ လူတွေလို ကိုယ်ဝန်မဆောင်ရတော့ စက္ကန့်မဆိုင်း တစ်ပြိုင်တည်း ဖြစ်တာလို့ ပြောတယ်၊ လူတို့ တိရစ္ဆာန်တို့ ဆိုရင်တော့ ကိုယ်ဝန်ဆောင် ကာလပါ ထည့်တွက်ရမှာပေါ့"

"ဒါဆို ဒီဘဝက သေပြီး ကိုးလ ဒါမှမဟုတ် ဆယ်လလောက်မှာ လူဝင်စားက ပြန်မွေးရမှာပေါ့"

"ယေဘုယျအားဖြင့်တော့ အဲဒီလိုပေါ့"

"အေး... ငါပြောချင်တာ အဲဒါပဲ၊ တစ်ညလုံး စဉ်းစားလို့ မရတာ အဲဒါပဲ တိုးကြီး"

"ဘာလဲဟ ငါ့ကောင်ရ"

"ဒီလိုကွ ကောင်မလေးရဲ့ အသက်ခန့်မှန်းခြေကို ငါ သိသလောက်က ဆယ့်ခုနစ်၊ ဆယ့်ရှစ်လောက် ဖြစ်မယ်၊ အတိအကျ သိရအောင် ကေကေ့ကို အကူအညီ တောင်းပြီး မေးကြည့်လိုက်တော့ သူ့မွေးနေ့က ၁၉၉၉ ဇူလိုင် ၁၂ ဖြစ်နေတယ်၊ ဆယ့်ခုနစ်နှစ်ပေါ့"

"အဲဒီတော့..."

mgyoe.com

mgyoe.com SAMPLE BOOK

"ကလျာငြိမ်း သေသွားတာ ၂၈ နှစ်ရှိပြီ သူငယ်ချင်း၊ ကလျာ လူပြန်ဝင်စားရင် အခုဆို ၂၇ နှစ်သမီးလောက် ဖြစ်ရမှာ၊ ငြိမ်းစံက ၁၇ နှစ်ပဲ ရှိသေးတယ်။ အဲဒီတော့ ငါ စဉ်းစားမရတော့ဘူး။ ငါ့အတိတ်ဇာတ်လမ်းကို သိထားတဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်က ငြိမ်းစံကို သင်ပေးလိုက်ပြီး ငါ့ကို နောက်ပြောင်တာလား၊ အရှက်ခွဲဖို့ ကြိုးစားတာလား။ ငြိမ်းစံကလည်း အတည်ပေါက်နဲ့ စ,တတ်နောက်တတ်တယ်လို့ ကေကေက ပြောတယ်။ ဒါမှမဟုတ် ငြိမ်းစံသာ တကယ် ကလျာငြိမ်း ဝင်စားတယ် ဆိုရင် ကလျာငြိမ်း သေဆုံးချိန်နဲ့ ငြိမ်းစံ မွေးဖွားချိန် ကြားကာလ ၁၀ နှစ်ဟာ ဘာကြောင့် ရှိနေတာလဲ"

"သံသရာဆိုတာ အရှည်ကြီးပဲ၊ ၃၁ ဘုံဆိုတာ အကျယ်ကြီးပဲ ဒီက သေပြီး ဟိုမှာ တန်းမဖြစ်ဘဲ ကြားဘဝတစ်ခုမှာ သွားပြီး ဘဝတစ်ခု ဖြစ်ချင်လည်း ဖြစ်နေနိုင်တာပဲလေ။ ငါပြောတာလည်း မှန်ရမယ်လို့ မဆိုလိုပါဘူး၊ မင်းပြောတာလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ တစ်ယောက်ယောက်က နောက်ပြောင် ချင်တယ်ဆိုရင် ဘယ်သူ့မှာမှ အကျိုးမရှိဘဲ ဘာဖြစ်လို့လုပ်မှာလဲ၊ ဒါမှမဟုတ် ငြိမ်းစံက မင်းနဲ့ ရင်းနှီးချင်လို့ ဇာတ်လမ်းထွင်ပြီး ချဉ်းကပ်ချင်တယ် ဆိုရင်ကော ဖြစ်နိုင်တာပဲ၊ ခုခေတ်မှာ အဆိုဝါသနာ ပါပြီး သီချင်းခွေ မထုတ်နိုင်လို့ ဂီတလောကနဲ့ အဆက်အသွယ် လုပ်ချင်တဲ့ ကလေးတွေ အများကြီးလေ၊ မင်းက နာမည်ကြီး တေးရေးဆရာ၊ ပြီးတော့ အဆိုပြိုင်ပွဲမှာ လောလောဆယ် ဒိုင်လူကြီး ဖြစ်တော့မယ့် သူ"

"အေးကွ… ငါလည်း တစ်ညလုံး စဉ်းစားတာ အဖြေမပေါ်လို့ မင်းဆီ ထွက်လာတာ၊ ကောင်မလေးကို ကြည့်လိုက်တိုင်း ငြိမ်းကို တကယ် သတိရတယ်"

"မင်း ငြိမ်းကို သိပ်ချစ်တာ ငါတို့အားလုံး သိပါတယ်၊ ချစ်လွန်းလို့ မင်းနာမည်တောင် ညီညီဇော် (R.A.S.U) ကနေ ရင်ခတ်ငြိမ်းလို့ ပြောင်းခဲ့သေးတာပဲ၊ အဲဒီနာမည် ပြောင်းပြီးမှ မင်းလည်း ပိုပြီး အောင်မြင် ကျော်ကြားလာတာ ငြိမ်း မြင်မသွားရရှာဘူး၊ ဒီလိုလုပ်ကွာ၊ မင်းကောင်မလေး ဘယ်သူ ငြိမ်းစံ၊ အေး… အဲဒီ ငြိမ်းစံကို လူဝင်စား ဟုတ် မဟုတ် ထပ်ပြီး စမ်းသပ်ကွာ၊ ဒီကြားထဲမှာ နောက်ဘဝ မရှိဘူးတို့၊ သေရင် ပြီးပြီတို့၊ ပြတ်ပြီတို့ ဆိုတဲ့ မင်းအယူအဆတွေကို ယာယီ ဆိုင်းငံ့ထားလိုက်"

"မင်းအကြံ မဆိုးဘူး တိုးကြီး၊ ဒါ့ကြောင့် ဂီတလောကမှာ မင်း နာမည်ကြီးနေတာ၊ မင်းဟာ ဂစ်တာလက်ကွက်တွေ ရွေ့တာ လက်သွက်သလောက်

mgyoe.com

mgyoe.com

ဦးနှောက်လည်း သွက်တယ်၊ ငါ ဘာဆက်လုပ်ရမလဲ တစ်လက်စတည်း ပြောပါဦး။”

“လွယ်ပါတယ်ကွာ၊ ကောင်မလေးနဲ့ ခင်အောင် ပေါင်း၊ ပြီးရင် ကော်ဖီဆိုင် တစ်ဆိုင်မှာ ချိန်းလိုက်၊ အဲဒီနေရာမှာ ကလျာငြိမ်းဘဝက ခင်ခဲ့ သိခဲ့ ရင်းနှီးခဲ့ဖူးတဲ့ မင်း ကျောင်းနေဖက် သူငယ်ချင်းတွေကို ခေါ်ထားလိုက်၊ သူ့စိတ်ထဲ ရှိုးတိုးရှန့်တန့် မဖြစ်အောင် မိန်းကလေးသူငယ်ချင်းတွေ ခေါ်ထားကွာ၊ သူ တကယ် ကလျာငြိမ်း ဆိုရင် အဲဒီသူတွေကို သူ သိကို သိရမယ်၊ ဟန်ဆောင်နေတာ ဆိုရင် ပေါ်မှာပဲ၊ သူ့ကိုတော့ ဘာမှ ကြိုပြောမထားနဲ့”

“ကြိုက်သွားပြီ တိုးကြီးရာ၊ ငါ ခေါ်ရင် သူ လာပါ့မလား”

“တကယ် ကလျာငြိမ်း ဆိုရင် လာလိမ့်မယ်၊ ကျောင်းမှာကတည်းက ငါ မြင်ဖူးတယ်၊ မင်းတို့နှစ်ယောက်က တပူးတွဲတွဲ၊ ရဲစခန်းကိုတောင် အတူရောက်ခဲ့သေးတယ်လေ”

❖ ❖ ❖

mgyoe.com

mgyoe.com SAMPLE BOOK

## ၁၉၈၇ စက်တင်ဘာလ ၅ ရက် စနေနေ့ နံနက် (၉) နာရီ

## မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌ ဦးနေဝင်း အိမ်တော်

လူခြောက်ယောက်သည် အပ်ကျသံပင်ကြားရလောက်အောင်ငြိမ်ကုပ်လျက် အားလုံး တုပ်တုပ်မျှ မလှုပ်ဘဲ စားပွဲဝိုင်းမှာ ထိုင်နေကြသည်။ စားပွဲရှည်တစ်ခုတွင် တစ်ဖက် လျှင် သုံးယောက် ထိုင်နေကြရာ ထိုသူများမှာ မြန်မာပြည်၏ ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထိပ်ဆုံးခုံတွင် ထိုင်နေသူမှာ နိုင်ငံတော် သမ္မတလည်း ဖြစ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်သူ ဦးစန်းယု ဖြစ်သည်။ သူနှင့် ကပ်ထိုင်နေသူမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခ ဖြစ် သည်။ ဦးမောင်မောင်ခနှင့် ကပ်လျက်တွင်တော့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ အထွေထွေ အတွင်းရေးမှူး ဦးစိန်လွင် ထိုင်နေသည်။ မျက်နှာချင်းဆိုင် ခုံများတွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမင်းဂေါင် ထိုင်နေ သည်။ ဦးမင်းဂေါင်၏ ဘေးတွင် အသားဖြူဖြူ ပိန်ပိန်ပါးပါး၊ မျက်မှန်တပ်ထား သော သက်လတ်ပိုင်း လူပုဂ္ဂိုလ်တစ်ဦး ရှိနေသည်။ သူကတော့ ဥပဒေပညာရှင် ဒေါက်တာမောင်မောင်ပင် ဖြစ်သည်။ ဒေါက်တာမောင်မောင်၏ ဘေးခုံ နှစ်ခုံတွင် ဘယ်သူမှ ရှိမနေပေ။ ခပ်လှမ်းလှမ်း နောက်ဘက် ချောင်ထဲက ထိုင်ခုံမှာတော့ တစ်ယောက်တည်း ခါးကို မတ်မတ်ရပ်ကာ အမိန့်နာခံရန် အသင့်ပုံစံမျိုးဖြင့်

mgyoe.com

mgyoe.com  SAMPLE BOOK 

အသက် ၄၈ နှစ်အရွယ် လူတစ်ယောက် ထိုင်နေသည်။ ထိုသူကား ထောက်လှမ်းရေး ပြန်ကြားရေးမှူး ဗိုလ်မှူးချုပ်တင်ဦး ခေါ် မျက်မှန်ကြီးတင်ဦး ရာထူးမှ ပြုတ်ကျသွားပြီးနောက် ဦးနေဝင်း၏ မျက်နှာသာ ပေးမှုကြောင့် အရှင်မွေး နေ့ချင်းကြီး ဘဝသို့ ရောက်လာသူ ထောက်လှမ်းရေး အကြီးအကဲအသစ် ဗိုလ်မှူးကြီး ခင်ညွန့် ပေတည်း။ မြန်မာပြည်၏ ထိတ်ထိတ်ကြဲ ခြောက်ယောက်သည် ကျောင်းအုပ်ဆရာကြီးရှေ့ ရောက်သော ကျောင်းသားလေးတွေသဖွယ် မိနစ်များစွာ ကြာအောင် တိတ်ဆိတ် ငြိမ်သက်နေလေတော့၏။ သူတို့ခြောက်ယောက် ထိုင်နေသော စားပွဲခုံ၏ထိပ်ဘက်တွင်ကား သာမန်ထက် အရွယ်အစား ပိုမိုကြီးမား၍ ပိုမိုမြင့်မားသော ကုလားထိုင်ကြီး တစ်လုံး ရှိ၏။ ထိုကုလားထိုင်ကို ကျောပေးကာ အရပ်မြင့်မြင့် လူတစ်ဦးသည် နံရံဘက်ကို မျက်နှာမူပြီး လက်နောက်ပစ်ကာ မတ်တတ်ရပ်နေသည်မှာ ကျောက်ရုပ် ဖြစ်သွားပြီဟု ထင်ရလောက်အောင် ကြာမြင့်လှချေသည်။

သူကား ပြည်ခရိုင်၊ ပေါင်းတလည်မြို့၊ ချောင်းကောင်းကျေးရွာသား စာတိုက် စာရေးလေး မောင်ရှုမောင် ဘဝမှ အာဏာသိမ်း တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၊ ထိုမှတစ်ဖန် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌ အဖြစ် မြန်မာနိုင်ငံကို သွန်လိုသွန်၊ မှောက်လိုမှောက် ၁၉၆၂ မှ စကာ ထင်ရာစိုင်းခဲ့သူ အသက် ၇၆ နှစ်အရွယ် ဗိုလ်ချုပ်ကြီးနေဝင်း (ငြိမ်း) ခေါ် ဥက္ကဋ္ဌကြီး ဦးနေဝင်း ပေတည်း။

ဦးနေဝင်းသည် ကျောက်ရုပ်လို ငြိမ်သက်နေရာမှ ဖြုန်းဆို ရုတ်တရက် နောက်ပြန်လှည့်ကာ ကုလားထိုင်တွင် ထိုင်ချလိုက်သဖြင့် လူခြောက်ယောက်သည် လန့်ဖျပ်သွား၏။ သို့သော် နိုင်ငံကျော် ရောမပုဂ္ဂိုလ်ကြီးတွေ ဖြစ်၍ မလန့်ချင်ယောင်ဆောင်ကာ တစ်ယောက်ချင်း ဆတ်ခနဲ တုန်သွားသည်ကို မသိချင်ယောင်ဆောင်နေကြသည်။

"ကိုယ့်လူတို့"

ဘာမှန်းမသိ။ ဦးနေဝင်းသည် စကားပြောလျှင် သူ့ဘက်တော်သားဟု ထင်သူများကိုမှ ကိုယ့်လူတို့ဟု ခေါ်လေ့ရှိသည်။ သူတစ်ပါးကို ခြောက်ရ လှန့်ရတာလည်း အလွန် ဝါသနာပါသည်။ သွေးအေးအေးနှင့် အကွက်ချ လုပ်ကိုင်တတ်တာ၊ ဒေါသကြီးတာ၊ ဘယ်သူသေသေ ငတေမာသည့် စိတ် ရှိတာ၊ ရန်ငြိုးဖွဲ့တတ်တာတွေသည် သူ့စရိုက် ဖြစ်သည်။ ကိုယ့်လူတို့ဟု ခေါ်လိုက်သော် လူ ခြောက်

mgyoe.com

m g y p e . c o m


ယောက်သည် သူ့ကို ကြည့်နေကြသည်မှတစ်ပါး ထူးထူးခြားခြား ဘယ်သူကမှ ပြန်မထူးပေ။ ထိုသို့ ပြန်ထူးလျှင် မကြိုက်မှန်း သိသောကြောင့် ငြိမ်နေကြခြင်း ဖြစ်သည်။

"ငါ ပြောမယ်၊ ငါ ထောက်လှမ်းရေး သတင်းတွေ အကုန်ရပြီးပြီ၊ KNU လက်ထဲမှာ မြန်မာငွေတွေ အလုံးအရင်းနဲ့ ရောက်နေတယ်၊ ဗဟိုဘဏ်က ထုတ်ထားတဲ့ ငွေစက္ကူတွေရဲ့ ၃၀ ရာခိုင်နှုန်း ဒီကောင်တွေ လက်ကို ရောက်နေပြီ ကြားတယ်။ အချို့ကလည်း ကရင်ပြည်နယ်က သစ်တောတွေ ထိုင်းဘက်က ကုန်သည်တွေကို ခုတ်ရောင်းပြီး ပိုက်ဆံတွေ ထောနေတာလို့ ပြောကြတယ်။ ထောက်လှမ်းရေးသတင်းတွေ အရကတော့ ဒီကောင်တွေဟာ ထိုင်းက ငွေစက္ကူ အတုဂိုဏ်းနဲ့ ပေါင်းပြီး အဆင့်မြင့် ပုံနှိပ်စက်တွေ ဝယ်ပြီး မြန်မာငွေတွေ ခိုးရိုက်နေတယ်လို့ ကြားတယ်၊ သူတို့ အတုလုပ်တဲ့ ငွေတွေဟာ ဒီတစ်ခါတော့ တော်တော်ကြီးကို အစစ်နဲ့တူတယ်၊ ဘဏ်က လူတွေတောင် မခွဲနိုင်ဘူး ပြောတယ်၊ ဟော့... ခင်ညွန့်၊ ပြလိုက်စမ်း မင်းတို့ထောက်လှမ်းရေးက တွေ့ထားတာကို"

ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဗိုလ်ခင်ညွန့်ကို အမိန့်ပေးလိုက်လျှင် ဗိုလ်မှူးကြီး ခင်ညွန့်သည် အသင့်ဆောင်လာသော လက်ကိုင်အိတ်ကို ချက်ချင်းဖွင့်၍ ခါးကုန်းပြီး အရိုအသေပြုကာ ဦးနေဝင်း လက်ထဲသို့ ကမ်းပေးလိုက်သည်။ ဦးနေဝင်း လက်ထဲမှာတော့ ငွေစက္ကူ သုံးရွက်။ ထိုငွေစက္ကူများကို ဦးစန်းယု လက်ထဲသို့ ကမ်းပေးလိုက်သည်။ ငွေစက္ကူများကား ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန် နှင့် နှစ်ဆယ့်ငါးကျပ်တန် ငွေစက္ကူများ ဖြစ်သည်။ ၇၅ ကျပ်တန် ငွေစက္ကူတွင် ဗိုလ်ချုပ်အောင်ဆန်းသည် မောင့်ကျက်သရေ ခေါင်းပေါင်းနှင့် ကျက်သရေရှိစွာ ပြုံးနေသည့် ဘေးတစောင်းပုံ ဖြစ်သည်။ ကျောဘက်တွင်တော့ လောကနတ်ရုပ်ပုံ ပါသည်။ ၃၅ ကျပ်တန် ငွေစက္ကူကတော့ ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်သွားတုန်းက အနွေးထည် မရှိသဖြင့် အိန္ဒိယခေါင်းဆောင် နေရူး ညတွင်းချင်း ချုပ်ပြီး လက်ဆောင်ပေးသော လောင်းကုတ်ကို ဝတ်ဆင်ပြီး စစ်ဦးထုပ်ကို ဆောင်းထားသည့် ပုံ၊ ကျောဘက်မှာ နတ်သားပုံနှင့်။ နှစ်ဆယ့်ငါးကျပ်တန်ကတော့ ဘီအိုင်အေ ခေတ်က စစ်ယူနီဖောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းတုံး ဆံတောက်နှင့် ပုံ ဖြစ်သည်။ ကျောဘက်တွင် ပဉ္စရူပ ရုပ်ပုံ ပါသည်။ ထိုငွေများအားလုံး ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်နှင့် ၁၀ ရက်နေ့များတွင် ထုတ်လုပ်ထားခြင်း ဖြစ်၍ ငွေစက္ကူ

m g y p e . c o m

mgyoe.com

များ၏ သက်တမ်းမှာ တစ်နှစ်နှင့် ဆယ့်တစ်လခန့်ပင် ရှိသေးသည်။ ဦးစန်းယု သည် ငွေကို သေသေချာချာ ကြည့်ပြီးနောက် အစစ်နဲ့ တော်တော်တူတာပဲ ဟု ပြောလိုက်ကာ သူ့ဘေးမှ ဝန်ကြီးချုပ် ဦးမောင်မောင်ခအား လက်လွှဲပေးလိုက် ၏။ ဦးမောင်မောင်ခက သေသေချာချာ ကြည့်ပြန်သည်။ ဘာမှတော့ ထုတ် မပြော၊ သို့သော် စိတ်ထဲမှတော့ ဒါဟာ ငွေအစစ်တွေပါပဲ။ အတုနဲ့လည်း မတူပါ ဘူးဟု ပြောနေမိသည်။ သို့သော် လက်တွေ့တွင်တော့ ထုတ်မပြောရဲပါ။ ဦးစိန်လွင် ကတော့ နည်းနည်းလေး အိုဗာအက်တင် လုပ်တတ်သည်။ ငွေစက္ကူတွေကို ကြည့်ရင်း တောက်တစ်ချက် ခေါက်လိုက်ကာ –

"ခွေးမသား ငပွေးတွေ၊ နိုင်ငံတော်အဆင့် အထိတောင် တက်ပြီးတော့ မအပ်မရာတွေ ကြံစည်လာပြီပေါ့၊ လက်ရာကတော့ မသိရင် အစစ်လို့ ထင်လောက် စရာပါ ဥက္ကဋ္ဌကြီး"

ဟု ပြောလိုက်သည်။ ပြည်ထဲရေးဝန်ကြီး ဦးမင်းဂေါင်က ငွေစက္ကူများ ကို နေရောင်တွင် ထောင်ကြည့်ရင်း ဤအရှုပ်အထွေးသည် မကြာမီ မိမိခေါင်း ပေါ် ကျလာကာ မိမိသာ တန်ဆာခံ ဖြစ်တော့မည့် အရေးကို မြင်ယောင်ကာ မျက်နှာ မသာမယာဖြင့် ဘာမှ မပြောတော့ဘဲ ဒေါက်တာမောင်မောင် ဆီသို့ ကမ်းပေးလိုက်သည်။ ဒေါက်တာမောင်မောင်ကတော့ လူရင်းတွေမို့ ဦးနေဝင်း အထာကို သိသည်။ ဦးနေဝင်းသည် ဗိုလ်ချုပ်အောင်ဆန်းအပေါ် မုဒိတာရှိသူ မဟုတ်။ တိုင်းပြည် ဘဏ္ဍာငွေတွေကိုလည်း သူပိုင်သဖွယ် သုံးဖြုန်းနေသူ ဖြစ် သည်။ ဗိုလ်နေဝင်းတစ်ယောက် ဘယ်ယုန် မြင်၍ ဘယ်ချုံ ထွင်နေပြီကိုလည်း သူ သိသည်။ သို့သော် သူတို့ကို စကားပြောခွင့် မပေးသေး၍ ဘာမှ မပြောသေးဘဲ ပိုက်ဆံငွေစက္ကူများကို မူလ သယ်ဆောင်လာသူ ဗိုလ်ခင်ညွန့်လက်ထဲ ပြန်ထည့် ပေးလိုက်သည်။ ဗိုလ်ခင်ညွန့်က အင်မတန်ကြီးမားသော စုံစမ်းထောက်လှမ်း မှုကြီးကို အောင်မြင်စွာ သိမြင်ထောက်လှမ်းလာနိုင်သော ခေါင်းဆောင်ကြီး တစ်ယောက်ဟန်ပန်ဖြင့် လက်ဆွဲအိတ်ထဲသို့ ငွေစက္ကူများကို စနစ်တကျ သေသေ ချာချာ ပြန်ထည့်သိမ်းကာ သူ့နေရာတွင် ခါးမတ်မတ်နှင့် အသင့်အနေအထား ပြင်ကာ ထိုင်နေလေသည်။

မကြာမီ မဟုတ်ကဟုတ်က ဇာတ်လမ်းတစ်ပုဒ် လာတော့မည်ဟု သူတို့ အားလုံး ကြိုသိနေသော်လည်း ဘာမှ မသိနားမလည်သော မှုကြိုကျောင်းသား

mgyoe.com

m g y o e . c o m
SAMPLE BOOK


လေးတွေလို ဥက္ကဋ္ဌကြီး ဆက်လက်မြွက်ဟမည့် စကားများကို နားထောင်ချင် ယောင်ဆောင်လိုက်ကြသည်။

"အဲ့ဒီတော့ကွ၊ တို့က လက်ဦးမှု ယူပြီး ချရမယ်၊ တိုင်းပြည်မှာလည်း အရင်းရှင် ဘူဇွာတွေ၊ တရုတ်ကုလားတွေဟာ တိုင်းပြည်ရဲ့ စီးပွားရေးကို အဘက်ဘက်က ကုပ်သွေးစုပ်နေပြီကွ၊ တိုင်းပြည်ရဲ့ ငွေပင်ငွေရင်းမှန်သမျှလည်း တို့တောင်သူလယ်သမားတွေ လက်ထဲမှာ မရှိဘူး၊ တန်ဖိုးရှိတဲ့ ပိုက်ဆံ အရွက်ကြီးဆိုရင် တရုတ်၊ ကုလားနဲ့ အရင်းရှင် ဘူဇွာတွေဆီမှာပဲ ရောက်နေတာ မင်းတို့အားလုံး အသိပဲ၊ ဆင်းရဲသား လက်လုပ်လက်စား ဆိုတာ ငါးကျပ်တန်လောက်တောင် ကိုင်နိုင်တာ မဟုတ်ဘူး၊ ဒီတော့ ငွေစက္ကူ အတန်ကြီးတွေ ကိုင်ထားတဲ့ ကရင်သောင်းကျန်းသူတွေနဲ့ အရင်းရှင်တွေကို တိုက်ထုတ်ရမယ်၊ ဒါဟာ မြန်မာ့နည်း၊ မြန်မာ့ဟန် ဆိုရှယ်လစ် လမ်းစဉ်ပဲ၊ အဲဒီတော့ တိုတိုပြောရရင် ငါ ဒီငွေစက္ကူ သုံးမျိုးကို ဒီနေ့ကစပြီး လည်ပတ်သုံးစွဲခွင့် ရပ်လိုက်တော့မယ်၊ ပြောစရာ ရှိကြလား"

ဒေါက်တာမောင်မောင်က "ကျွန်တော်တစ်ခုတင်ပြပါရစေဗိုလ်ချုပ်ကြီး" ဟုခပ်တိုးတိုးလေသံပျော့ကလေးဖြင့်စကားစလာသည်။ဒေါက်တာမောင်မောင်သည် စကားပြောလျှင် လေပျော့ကလေးဖြင့် သံရှည်ဆွဲကာ ပြောတတ်သည်။ ဦးနေဝင်းက ဘာမှ မပြောဘဲ ဒေါက်တာမောင်မောင်ကို ကြည့်နေသည်။

"တော်လှန်ရေးကောင်စီ တက်ခါစက ကျွန်တော်တို့ အစိုးရဟာ ၁၉၆၄ ခုနှစ်တုန်းက ၁၉၆၄ ငွေကြေး တရားဝင်အဖြစ်မှ ရပ်စဲခြင်းဥပဒေကို ပြဋ္ဌာန်းပြီး ကျပ် ၁၀၀ တန်နဲ့ ကျပ် ၅၀ တန်တွေကို တရားမဝင်အဖြစ် ကြေညာ ခဲ့ဖူးတယ်၊ အဲဒီတုန်းက ဆုံးရှုံးသွားသူ ကာယကံရှင်တွေဟာ ကျပ် ၅၀၀ ကနေ ကျပ် ၄၂၀၀ အတွင်း ဆိုရင် ပြန်လဲပေးမယ် ဆိုပြီး ဘဏ်တွေကနေ ပြန်လျော်ပေးခဲ့ကြတယ်၊ ၄၂၀၀ ကျပ် ကျော်တဲ့ ငွေတွေကိုတော့ ပြန်လဲမပေးသလောက်ပါပဲ၊ အချို့ကိုတော့ ဝင်ငွေရလမ်း တရားဝင် ဟုတ်၊ မဟုတ် အတော်ကို စိစစ်ပြီး အခွန်ဆောင်ထားတာတွေကိုလည်း စိစစ်ပြီး ခွင့်ပြုပေးခဲ့တာ အနည်းငယ်တော့ ရှိခဲ့တယ်၊ အများစုကတော့ ငွေတွေ ဆုံးကုန်တာပါပဲ၊ ချတာတော့ တရုတ်၊ ကုလားနဲ့ နိုင်ငံခြားသား ကုန်သည်တွေကို ချတာပါပဲ၊ ဒါပေမဲ့ ပြည်သူတွေ အထိနာခဲ့တယ် ဥက္ကဋ္ဌကြီး၊ နောက်တော့ ဘာကြာသေးလို့လဲ၊ ပြီးခဲ့တဲ့ ၂ နှစ်လောက်ပဲ ရှိဦးမှာပေါ့၊

m g y o e . c o m

mgyoe.com

၁၉၈၅ နိုဝင်ဘာလကပဲလေ၊ ကျွန်တော်တို့ အစိုးရကပဲ နိုင်ငံမှာ လည်ပတ် သုံးစွဲနေတဲ့ ငွေကြေးထဲကနေ ၁၀၀ ကျပ်တန်၊ ၅၀ ကျပ်တန် နဲ့ ၂၀ ကျပ်တန်တွေကို ဆက်လက် သုံးစွဲခွင့် မရှိဘူးလို့ ကြေညာခဲ့သေးတယ်၊ အဲဒီတုန်းကလည်း ပြည်သူလူထု လက်ထဲမှာ အဲဒီငွေစက္ကူ သုံးမျိုး ရှိခဲ့လို့ ဘဏ်တွေကို လာအပ်ရင် ၂၅ ရာခိုင်နှုန်း ပြန်အလျော်ပေးမယ်လို့ ကြေညာခဲ့တယ်၊ ပြောရရင် လူတွေဟာ သူတို့ ပိုက်ဆံတွေကို နေရင်းထိုင်ရင်း ၇၅ ရာခိုင်နှုန်း ဆုံးရှုံးသွားတာ ပူပူနွေးနွေးပဲ ရှိသေးတယ်၊ အခုတစ်ခါ ထုတ်ထားတာ မကြာသေးတဲ့ ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၂၅ ကျပ်တန်တွေကို တစ်ခါ ထပ်ပြီး တရားမဝင် ကြေညာမယ်ဆိုရင် တိုင်းပြည်က သိပ်နာသွားမယ် ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့အစိုးရကိုလည်း တိုင်းပြည်က အကြည်ညို ပျက်ပြီး ဆူပူမှုတွေ ဖြစ်လာကာ တစ်နေ့မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကြီးတောင် ပြုတ်ကျ....”

ဦးနေဝင်းက လက်ဝါးကို စားပွဲပေါ်သို့ ဗုန်းခနဲ ပုတ်ချကာ –

“ကိုမောင်မောင်... ခင်ဗျား တော်တော့၊ ဆက်မပြောနဲ့တော့ ခင်ဗျားဟာ သိပ်ပျော့ညံ့တယ် ဆိုတာ ကျုပ် သိတယ်၊ တကယ်လို့ တိုင်းပြည်မှာ ပျော့ပျော့ပျောင်းပျောင်း လုပ်ရမယ့် ကိစ္စမျိုး ပေါ်လာရင် ခင်ဗျားကို ကျုပ် နေရာပေးမယ်၊ ဆရာတင်မယ်၊ အခုကိစ္စ ခင်ဗျားတို့ကို တိုင်ပင်နေတာ မဟုတ်ဘူး၊ ကျုပ် ဆုံးဖြတ်ချက်ကို အသိပေးနေတာ၊ တိုင်းပြည်မှာ အန္တရာယ်ဖြစ်တော့မှာမို့ မောင်ခင်ညွန့် တာဝန်သိသိ သတင်းပေးတာကို ကျုပ်နဲ့ ပေါင်းပြီး ကာကွယ်နေတာ”

တကယ်တော့ ဒေါက်တာမောင်မောင်သည် ဦးနေဝင်းအကြောင်း အူမချေးခါးမကျန် သိသူ ဖြစ်သည်။ ယခုပြောနေတာတွေသည် တစ်ခုမှ မဟုတ်။ ဦးနေဝင်းသည် မိမိကိုယ်ကိုယ် ယုံကြည်မှုနည်းသော ဗေဒင်ရူး၊ ယတြာရူး ဖြစ်သည်။ သူ၏ အသက် ၇၅ နှစ်ပြည့်သော အထိမ်းအမှတ်အဖြစ် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှာမှ ထုတ်ဝေခဲ့ဖူးခြင်း မရှိသည့် ကိုးလိုးကန့်လန့် ဂဏန်းများဖြစ်သည့် ၇၅ ကျပ်တန် ငွေစက္ကူ၊ ၃၅ ကျပ်တန် ငွေစက္ကူတွေကို ယတြာချေကာ ထုတ်ဝေသည်။ မြန်မာနိုင်ငံသည် အရင်းရှင်တို့၏ လက်ယာလမ်းစဉ်ကို မလိုက်ဖြစ်ဘဲ လက်ဝဲ ကွန်မြူနစ်သမားတို့ လက်သို့ အာဏာ ရောက်လိမ့်မည်၊ ထိုသို့ဖြစ်ခြင်းကို ယတြာချေရန် နိုင်ငံတစ်ဝန်းလုံးတွင် အင်္ဂလိပ်ခေတ် ကတည်းက လက်ဝဲဘက် (ဘယ်ဘက်) ကပ်မောင်းနေသော ကားများ၊ အခြား အနေးယဉ်များ

mgyoe.com

mgyoe.com

SAMPLE BOOK


အားလုံးကို လက်ယာဘက် (ညာဘက် ) ကပ်မောင်းစေရန် ၁၉၇၀ ဒီဇင်ဘာလ ၆ ရက်တွင် ဗေဒင်ယတြာအလိုဖြင့် ပြောင်းလဲခဲ့သည်။ ယခုလည်း သူကမောက်ကမ ထုတ်ဝေထားသော ၇၅ ကျပ်၊ ၃၅ ကျပ်တန် ငွေစက္ကူနှစ်မျိုးကို ကွက်၍ ဖျက်သိမ်းရမှာ လူကြားမကောင်းသဖြင့် ၂၅ ကျပ်တန် ငွေစက္ကူကိုပါ ထည့်သွင်းကာ ပေါင်းခြင်း (ဘူ၊ တစ်ဆယ် )၊ ( ၈)၊ (၇) စသည့် မ,ဂဏန်းများကို သတ်ပစ်သည့် ယတြာချေကာ သူ့အတွက် ကံကောင်းခြင်း (၉) ဂဏန်းဟု စွဲထင်ထားသည့် ပေါင်းခြင်း (၉) ဂဏန်းရသော ၉၀ တန်၊ ၄၅ ကျပ်တန် စသည့် ကမောက်ကမ ပိုက်ဆံများကို ထုတ်ဦးမည်ကို ဒေါက်တာမောင်မောင် မျက်စိထဲ မြင်ယောင်နေမိပါသည်။ ခုလောက်ဆို ထိုပိုက်ဆံ ၄၅ ကျပ်တန်နှင့် ၉၀ တန်တွေပင် သူတို့ကို အသိမပေးဘဲ ဝါဇီတွင် ရိုက်နှိပ်ခိုင်းနေပြီလားတောင် မသိချေ။ အတ္တကြီးသော ဗေဒင်ရူးကို တားဆီးမရသည့်အဆုံး သူ တတ်နိုင်တာပဲ အကောင်းဆုံး လုပ်တော့မည်ဟု ဒေါက်တာမောင်မောင် ဆုံးဖြတ်လိုက်သည်။ ဆက်၍ အတိုက်အခံ ပြောနေပါက သူပင် ယနေ့ညစာကို အင်းစိန်ထောင်ထဲမှာ သွားစားရကိန်း ရှိသည်။

"သင့်တော်ပါတယ် ဥက္ကဋ္ဌကြီး၊ ဖျက်သိမ်းလိုက်တဲ့ ငွေစက္ကူတွေကိုရော အစားထိုးပြီး ပြန်လျော်ပေးဦးမလား ခင်ဗျ"

"ဘာမှ ပြန်လဲပေးစရာ မလိုဘူး၊ အဲဒီလောက် ပိုက်ဆံ အရွက်ကြီးတွေကလည်း သာမန်ပြည်သူလူထု လက်ထဲမှာ ရှိမှာ မဟုတ်ဘူး၊ သူပုန်နဲ့ တရုတ်၊ ကုလားတွေ လက်ထဲမှာပဲ ရှိမှာ၊ ဘာမှ ပူမနေနဲ့၊ ခင်ဗျားတို့ မိသားစုတွေအတွက်တော့ ကျုပ် အထူးအမိန့်နဲ့ ရှိသမျှ ငွေစက္ကူတွေ ဘဏ်မှာ ပြန်လဲလို့ရအောင် ကျုပ် ညွှန်ကြားထားပေးမယ်၊ ဝန်ကြီးအဖွဲ့ရယ်၊ နိုင်ငံတော်ကောင်စီဝင်တွေရယ်၊ လမ်းစဉ် ပါတီဗဟိုကော်မတီဝင်လူကြီးတွေရယ်၊ တပ်မတော်အကြီးအကဲတွေရယ်၊ နိုင်ငံတော်အစိုးရ လက်ထဲက ပိုက်ဆံတွေရယ် ဘဏ်ကို ပြန်လာအပ်ရင် အပြည့် ထုတ်လဲပေးလိုက်၊ ကဲ... ကြာတယ်၊ ဒေါက်တာမောင်မောင်က ငွေစက္ကူတွေ ရပ်စဲကြောင်း ကြေညာရမယ့် အမိန့်ကို ခုချက်ချင်း ရေးပေး၊ ပြီးရင် စိန်လွင်... မင်းက ကြေညာချက်မှာ လက်မှတ်ထိုးပြီး မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှာ ဒီမနက် ၁၁ နာရီ အတိမှာ ကြေညာချက် ထုတ်၊ ကျန်တဲ့လူတွေ ငါ့အိမ်မှာပဲ ဆက်ထိုင်နေကြ၊ ဘယ်ကိုမှ ဖုန်းဆက်ခွင့် မပြုဘူး၊ ရေဒီယိုနဲ့ ရုပ်သံက သတင်းကြေညာပြီးမှ မင်းတို့ ပြန်ကြ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီး"

ခဏကြာသောအခါ မြန်မာတစ်နိုင်ငံလုံးရှိ အလုပ်သမား၊ လယ်သမား၊ တောသူတောင်သား၊ မြို့ပေါ်နေ ဆင်းရဲသားများ၊ ဘုရားတည် ကျောင်းဆောက်မည့် ရဟန်း သံဃာ စာသင်သားများ၊ ဘာသာအသီးသီး၊ လူ့အလွှာ အသီးသီး၏ ရင်ကို ကွဲကြေ ဒိုကြေးစေပြီး မဆလပါတီ အာဏာပြုတ်ကျစေမည့် အက်ကြောင်းကြီးတစ်ခုသဖွယ် ဖြစ်လာမည့် အောက်ပါကြေညာချက်ကို ဒေါက်တာမောင်မောင်သည် ရေးခြစ်၍ ပြီးသွား၏။

ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်

အမိန့်အမှတ် ၁/၁၉၈၇

နေ့စွဲ ၁၉၈၇ စက်တင်ဘာလ ၅ ရက်။

နိုင်ငံတော်ကောင်စီသည် ဥပဒေကဲ့သို့ အာဏာတည်သော အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ဗဟိုဘဏ်မှ ထုတ်ဝေထားသော ၂၅ ကျပ် (နှစ်ဆယ့်ငါးကျပ်)၊ ၃၅ ကျပ်(သုံးဆယ့်ငါးကျပ်)၊ နှင့် ၇၅ ကျပ်(ခုနစ်ဆယ့်ငါးကျပ်)တန် ငွေစက္ကူများကို ဤအမိန့်ထုတ်ပြန်သည့် ၁၃၄၉ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်၊ ၁၉၈၇ ခု၊ စက်တင်ဘာလ ၅ ရက်၊ စနေနေ့ နံနက် ၁၁:၀၀ နာရီ အချိန်မှ စ၍ တရားဝင် ငွေစက္ကူအဖြစ်မှ ရပ်စဲလိုက်သည်။

ပုံ

xxxxxx

အတွင်းရေးမှူး

နိုင်ငံတော်ကောင်စီ

❖ ❖ ❖

mgyoe.com

mgyoe.com SAMPLE BOOK

ရတနာဆောင်တွင် လာစောင့်နေသော ညီညီဇော်ကို ကလျာငြိမ်း ပြုံးပြပြီး နှုတ်ဆက်လိုက်သည်။ ညီညီဇော်က –

"ဖြေနိုင်လား ချစ်ဆုံး"

"အမယ်...ချစ်ဆုံးလေးဘာလေးနဲ့ ဘယ်သူက နင့်ကို အဖြေပေးရသေးလို့လဲ"

"ဟဲ... ဟဲ... ခုမပေးလည်း နောက်တော့ပေးမှာပဲဟာ၊ ခုကတည်းက ကြိုတင် စရန်ရိုက်ထားတာ"

"အံမယ်၊ ကားပေါ်က ပြုတ်ကျလို့ ဒီက သနားလို့ ကယ်လိုက်တာကို တောက်တဲ့လို တကပ်ကပ် လာလုပ်နေတယ်"

"ကဲပါ ငြိမ်းရယ်... ငါ အဖြေတောင်းထားတာ ပေးပါတော့၊ ပြီးတော့လေ နင် စာမေးပွဲ ဖြေနိုင်လား"

"ကဲ... ကိုယ်တော်၊ နင့်မေးခွန်းက ဘယ်ဟာကို အရင်ဖြေရမှာလဲ"

"ဖြေချင်တာ အရင်ဖြေဟာ"

"နင်က ခုတွေ့ ခုရည်းစားစကား ပြော ငါ့ကို ဟင်းရွက်ကန်စွန်း မှတ်နေလား၊ စဉ်းစားရဦးမယ်ဟ"

"ဟယ်... နင်နဲ့ငါနဲ့ ခုမှတွေ့တာ မဟုတ်ဘူးလေ၊ ၁၉၈၆ ဒီဇင်ဘာမှာ စတွေ့တာလေ၊ အခုပဲ ပထမနှစ် စာသင်နှစ် ကုန်တော့မယ်၊ ၈၇ စက်တင်ဘာလေ ငြိမ်းရဲ့၊ တိတိကျကျ ပြောရရင် စက်တင်ဘာလ ၅ ရက် စနေနေ့တောင် ရောက်

mgyoe.com

mgyoe.com

နေပြီ၊ နှင်နဲ့ ငါနဲ့ သိတာ ဆိုရင် တစ်နှစ်ပြည့်ဖို့ သုံးလလောက်ပဲ လိုတော့တာ၊ သိတာ ကိုးလ ရှိပြီလေ"

"နေဦး… နောက်ထပ် တစ်နှစ်လောက်တော့ စဉ်းစားဦးမယ်"

"မလုပ်ပါနဲ့ဟာ၊ အမြန် အဖြေပေးပါ၊ ငါ နှင့်ကို ချစ်တာ နှင် သိပါတယ် ငြိမ်းရယ်"

"ကဲပါဟယ်…အဲဒါ ပြောမနေနဲ့၊ ငါတို့တော့ စာမေးပွဲ ပြီးတော့မယ်နော်၊ နှစ်ဘာသာတောင် ဖြေပြီးသွားပြီ၊ ပြီးသွားတဲ့ ဘာသာတွေကလည်း မြန်မာစာ ရယ်၊ နိုင်ငံရေးသိပ္ပံ (P.S) ရယ် ဆိုတော့ လွယ်လွယ်လေးပါဟယ်"

"နှင်ကသာ လွယ်နေ၊ ငါကတော့ အဲဒီ P.S ဆိုတာကြီးကို နားကို မလည် ပါဘူး၊ ဘာမှန်း မသိဘူး၊ လူနဲ့ ရုပ်ပတ်ဝန်းကျင်တို့၏ အညမည သဘောတရား တဲ့၊ ဘာတွေမှန်း မသိဘူး ရှုပ်နေတာပဲ၊ အစိုးရက ကျောင်းသားတွေကို နိုင်ငံရေး သင်ပေးချင်တာလား၊ သူတို့ မဆလပါတီ ကောင်းကြောင်းတွေ လျှောက်သင်ပေး နေတာလား မသိပါဘူး"

ညီညီဇော်၏ စကားကို ကလျာငြိမ်းက ရယ်နေသည်။ ညီညီဇော်က အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ကာ တစ်ချက် ဖွာရှိုက်လိုက်တော့ ကလျာငြိမ်း က မီးခိုးငွေ့တွေကို လက်ဖြင့် ယပ်ထုတ်ကာ–

"သွား သွား… ဆေးလိပ်သောက်ရင် ငါ့အနား မလာနဲ့"

ဟု အော်သည်။

"အေးပါဟ… ငါမေ့သွားလို့ပါ" ဟု ဆိုကာ ညီညီဇော်က ငြိမ်းနှင့်တွဲ၍ အဓိပတိလမ်းအတိုင်း လျှောက်လာကြလေသည်။

"အင်း… ဘာလိုလိုနဲ့ ပထမနှစ် ကျောင်းပြီးတော့မယ်နော်"

ဟု ကလျာငြိမ်းက လမ်းဘေး ခုံတန်းလျားများဆီသို့ ကြည့်ရင်း ပြော လိုက်၏။

"အေးဟ၊ ဒီနေ့ စနေနေ့၊ မနက်ဖြန် တနင်္ဂနွေ၊ စာ နည်းနည်းပါးပါး ထပ်ကျက်ပြီးရင် တနင်္လာနေ့မှာ ကျန်တဲ့ ဘာသာတွေ ဆက်ဖြေရမှာလေ။ နောက် ငါးရက်လောက်ဆို ငါတို့ ပထမနှစ် ကျောင်းသား ကျောင်းသူဘဝ ပြီးပြီ။ ကျောင်း ပိတ်ရက်တွေ ပြီးလို့ ၈၇ ဒီဇင်ဘာမှာ ပြန်လာရင် နှင်နဲ့ငါက ဒုတိယနှစ် တက္ကသိုလ် ကျောင်းသူ ကျောင်းသားကြီးတွေ ဖြစ်သွားပြီးနော်၊ ဆရာကြီးတွေပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

"ကျောင်းက မြန်မြန်ပြီးမှပဲ၊ ငါ့မှာလည်း ပိုက်ဆံက ကုန်တော့မယ်၊ အိမ်က ပို့ထားတာလည်း ကုန်လုပြီ၊ ကျောင်းပိတ်တော့မှာမို့ ထပ်လည်း မတောင်းချင်တော့ဘူး၊ ဟဲ့... ဒါနဲ့လေ နင် သိလား ကိုဇော်"

"နင်ကလည်း ကိုဇော်တဲ့ မောင်လို့ ခေါ်လိုက်ပါလား"

"အံမယ် မခေါ်နိုင်ပါဘူး၊ ညီညီဇော်က ညီညီဇော်ပေါ့၊ ကိုဇော် ခေါ်တာ တောင် ခင်လွန်းလို့"

"သြော်...အေး၊ ငါကလည်း ရမလားလို့ ပြောကြည့်တာပါ၊ နင်နဲ့ ငါနဲ့က အမြဲတတွဲတွဲ ဖြစ်နေလို့တဲ့ ရွှေဘိုဆောင်က ငါ့သူငယ်ချင်းတွေ အားလုံးက ငါတို့ နှစ်ယောက်ကို ကြိုက်နေကြတယ်လို့ ထင်နေတာ"

"ဟယ်... ရက်စရာကြီး၊ နင်က ဘယ်လို ပြန်ပြောလိုက်လဲ"

"ကောင်မလေးက ကြိုက်နေတာပါလို့၊ ငါက စဉ်းစားတုန်းပါပဲလို့ ပြောလိုက်တယ်"

"မသာ" ဟု ဆိုကာ ကလျာငြိမ်းက ညီညီဇော့် လက်မောင်းကို ဆွဲဆိတ်သည်။

"ငါက အကောင်း ပြောမလို့ဟာ ကိုဇော်ရ၊ ငါက ကျူိက်ထိုကနေ လာတာလေ"

"သိတယ်လေ... အဲဒါ ဘာဖြစ်လို့လဲ"

"ကျိုက်ထိုအသင်းက ငါ့ကို ပညာသင် ထောက်ပံ့ကြေး ပေးတယ်ဟ၊ သိပ်တော့ မများဘူး၊ တစ်လကို ငါးဆယ် ရတယ်။ အဲဒါ မနေ့က ငါ သွားထုတ်လာတယ်၊ အစိတ်တန် အသစ်လေး နှစ်ရွက် ငါ့မှာ ရှိတယ်၊ နောက် လေးငါးဆယ် ရက်တော့ ပိုက်ဆံပြတ်မှာ မပူရတော့ဘူး"

"ဟာ... တယ်ဟုတ်ပါလား၊ ငါ့မှာလည်း အစိတ်တန် နှစ်ရွက်ပဲ ရှိတော့တယ်၊ ရော့... နင် တစ်ရွက် ယူချင် ယူထား"

"မယူပါဘူးဟယ်၊ ငါ့မှာ ဘာမှ ကုန်စရာ မရှိဘူး၊ အချိန်တန်ရင် ကျိုက်ထိုကား စီးပြီး ပြန်ရုံပဲ"

သိပ္ပံကန်တီးန်တွင် သူတို့ ထိုင်ပြီး အေးအေးလူလူ စကားပြောနေကြစဉ် ရတနာဆောင်မှ ကလျာငြိမ်း သူငယ်ချင်းဖြစ်သူ IR ကျောင်းသူ စီစီဝင်းသည် ကပျာကယာနှင့် ဈေးဆိုင်များဆီသို့ တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက် ပျားပန်းခတ်

mgyoe.com

အောင် ပြေးလွှားနေသည်ကို ထူးဆန်းစွာ တွေ့ရလေသည်။ ဘာဖြစ်နေတာလဲ မသိဘူး။ စီစီဝင်းက ခဏအကြာတွင် ငြိမ်းတို့ကို မြင်သွားကာ လက်ပြပြီး ရောက်ချလာသည်။ ရောက်ရောက်ချင်းပင် နင် ကြိုက်တာ စားစမ်း၊ မှာစမ်းဟု ဆိုကာ စားပွဲထိုးလေးအား ခေါ်ကာ ဆီချက်ခေါက်ဆွဲ၊ မြီးရှည်၊ သံဘူးဖျော်ရည် စသည်ဖြင့် အစားအသောက်များ အမြန်ချခိုင်းနေလေသည်။ ခဏကြာတော့ စားသောက်စရာများ ရောက်လာသောအခါ သူလည်း စား၊ ညီညီဇော်နှင့် ကလျာငြိမ်းတို့ကိုလည်း စားခိုင်းနေလေသည်။

"ဟဲ့... ငြိမ်း၊ မြန်မြန်စား"

"ဘာတွေ ဖြစ်နေတာလဲဟဲ့"

"မြန်မြန်စားလိုက်၊ ပိုက်ဆံပေးစရာ မလိုဘူး၊ မကြာခင် ခေတ်ပျက်တော့မယ်"

ဟု ဆိုကာ စီစီဝင်းက ပြုံးစိစိ လုပ်နေလေသည်။

"ငါတို့ နားလည်အောင် ပြောပြပါဦး စီစီဝင်းရယ်"

ဟု တိုက်တွန်း တောင်းပန်သော အခါမှ စီစီဝင်းက သူ၏စွန့်စားခန်းကို ဤသို့ ပြောပြလေသည်။

"ငါက ထမင်းစားခန်းထဲမှာ ထိုင်နေတာဟ၊ ထမင်းစားဆောင်က ပိတ်သွားပြီ၊ ထမင်းချက်တဲ့ ဦးကြီး မိသားစုပဲ ရှိတော့တယ်၊ အဲဒီမှာ ဦးလေးကြီး ဖွင့်ထားတဲ့ ရေဒီယိုက ဖြုန်းဆို ဘာကြေညာလဲ သိလား "

"ဘာကြေညာသလဲ ဟင်"

"နင်တို့ ငါတို့ အားလုံး သုံးစွဲနေတဲ့ ၇၅ ကျပ်တန်တွေရယ်၊ ၃၅ ကျပ်တန်တွေရယ်၊ အစိတ်တန် (၂၅ ကျပ်တန် )တွေရယ်ဟာတဲ့၊ အခုကနေ စပြီးတော့ တရားမဝင်တော့ပါဘူး၊ ဖျက်သိမ်းလိုက်ပါပြီတဲ့၊ ဟဲ့... ဟဲ့... ငြိမ်း ဘာဖြစ်သွားတာလဲ ဟ"

စီစီဝင်း စကားဆုံးလျှင် ငြိမ်းသည် မူးလဲတော့မလို ဖြစ်သွားသဖြင့် ယပ်ခတ်ပေးရာမှ ထူထူထောင်ထောင် ဖြစ်လာလေသည်။ ငြိမ်း ပြန်ကောင်းလာလျှင် စီစီဝင်းသည် သူ့စကားကို ဆက်၏။

"ဘယ်ရမလဲဟာ၊ ငါကလည်း I.R ကျောင်းသူပဲ အဲဒီလောက်တော့ လျှင်တာပေါ့၊ သတင်းကြားကြားချင်း အခန်းထဲကို အမြန်ပြေး၊ လက်ထဲမှာ

mgyoe.com

m.gyoe.com SAMPLE BOOK


ရှိသမျှ ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ အစိတ်တန်တွေနဲ့ ကန်တီးန်က ဆိုင်တွေမှာ မုန့်တွေ လိုက်ဝယ်တာပေါ့၊ ပြန်အမ်းငွေတွေ ယူတာပေါ့။ အဲဒီအချိန်မှာ လူတွေက မသိသေးဘူးဟ။ ဒါပေမဲ့ နင်ကြည့်နေ… ခုလောက်ဆို တစ်ယောက်စကား တစ်ယောက် နားနဲ့ ပွက်လောရိုက်နေလောက်ပြီ"

ခဏကြာလျှင် ဟိုမှ သည်မှ ပြေးသံများ၊ ဟိုဘက်မှ စီခနဲ၊ သည်ဘက်မှ ညံခနဲ အော်ဟစ်သံများကို ကြားရစ ပြုလာ၏။ ထို့ထက် အချိန်အနည်းငယ် ကြာလာသောအခါ စီစီဝင်း ကြိုတင်ခန့်မှန်းထားသလိုပင် ကန်တီးန်တွင် ထိုင်နေသော ကျောင်းသား၊ ကျောင်းသူ အများစုသည် ငွေကိုမှ မရှင်းနိုင်ကြတော့ဘဲ တစ်ယောက် တစ်ယောက် အုတ်အုတ်ကျက်ကျက် ဖြစ်ကာ ထိန်းမနိုင် သိမ်းမရ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေသတည်း။ ထိုအခါ စီစီဝင်းက–

"ကဲ… ကဲ… မိငြိမ်း၊ ငါလည်း အဆောင်ပြန်တော့မယ်၊ ရော့… နင် သုံးဖို့"

ဟု ဆိုကာ ငါးကျပ်တန် သုံးရွက် ချပေးခဲ့ကာ ကိုယ်ယောင် ဖျောက်လေတော့သည်။

ငြိမ်းနှင့် ညီညီဇော်လည်း ကျောင်းသား လူအုပ်ကြီးနှင့် ရောပါကာ လမ်းလျှောက်လာရင်း အဓိပတိလမ်းကို ဖြတ်ကာ ရာမညဆောင်ဘက်သို့ ရောက်လာသည်။ လမ်းလျှောက်လာရင်း ငွေစက္ကူ ဖျက်သိမ်းခံရသည့် သတင်း ကြား၍ အဆောင်များမှ ထွက်လာကြသော ကျောင်းသူ၊ ကျောင်းသား လူအုပ်ကြီးမှာ တဖြည်းဖြည်း များလာလေသည်။ ကျောင်းသားများက ရာမညဆောင် ဝင်ပေါက်မှ ထွက်သူက ထွက်၊ ဂျပ်ဆင် ဝင်ပေါက်မှ ထွက်သူက ထွက်ဖြင့် ပြည်လမ်းပေါ်သို့ လူအများ ရောက်ရှိသွားချိန်တွင် အပြင်လောကမှာလည်း သတင်းကြားခါစ လူအချို့ ရုတ်ရုတ်သဲသဲ ဖြစ်လျက် ရှိသည်။ မဖြစ်ခံနိုင်ရိုးလား။ မိမိ ချွေးနဲ့စာဖြင့် ရက်ပေါင်း၊ လပေါင်း (အချို့မှာ နှစ်ပေါင်း) များစွာ ချွေတာ စုဆောင်းထားသော မစားရက် မသောက်ရက် ငွေများမှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အစိုးရ၏ ကောင်းမှုဖြင့် မိနစ်ပိုင်းအတွင်း အားလုံး ဆုံးရှုံးခဲ့ရချေပြီတည်း။

တိုင်းပြည်၏ငိုကြွေးသံကိုဦးနေဝင်းကမကြားနိုင်သော်လည်းကျောင်းသားတို့က ကြား၏။ လူငယ်ပီပီ မဟုတ်မခံစိတ် ရှိသူများမို့ ဒေါသပေါက်ကွဲကြ၏။ စာမေးပွဲဖြေရင်း တန်းလန်းမို့ အခန်းအောင်းကာ စာကျက်နေကြကာမှ မညှာမတာ လုပ်ရက်သော အစိုးရကို ဒေါသပေါက်ကွဲကြသည်။ ဖြစ်သင့်၊ မဖြစ်သင့်

m.gyoe.com

mgoe.com  SAMPLE BOOK 

ကို မချင့်ချိန်နိုင်တော့။ ပဲပြုတ်ရောင်းသော မိန်းမကလည်း တစ်နေ့ကုန် ရောင်းရငွေ ငါးဆယ်ကို နှစ်ဆယ့်ငါးကျပ်တန် အသစ်ကလေးနှင့် လဲလာမိချိန် တရားမဝင်ငွေအဖြစ် ကြေညာခံလိုက်ရသည်မှာ သူ၏ လုပ်ငန်းအတွက် အရင်းပြုတ်ခြင်းဖြစ်ပါသည်။ တစ်နေ့တာ လုပ်အားခအဖြစ် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် အိမ်ပြန်လာသော ပန်းရံဆရာ တစ်ယောက်အတွက် ၂၅ ကျပ်တန် တစ်ရွက် တရားမဝင်ကြေညာခံရခြင်းမှာ မိသားစု ထမင်းဝိုင်းကို ခြေနှင့် နင်းခြေခံလိုက်ရခြင်း ဖြစ်လေသည်။

ပစ္စည်းမဲ့လူတန်းစား၏ ဒေါသနှင့် သွေးပူနေသော တက္ကသိုလ်ကျောင်းသားတို့၏ မဟုတ်မခံစိတ်ကား ဤပွဲတွင် အစိုးရနှင့် ထိပ်တိုက်တွေ့လေပြီ။ မည်သူက စတင်လိုက်သည်မသိ၊ လမ်းဘေးမီးတိုင်များသည် ခဲလုံးစာ မိသွားကြ၏။ ထိုမျှနှင့် မပြီးသေး။ အစိုးရကို မကျေနပ်စိတ် ကြီးနေသူတို့အဖို့ ခေါင်းအေးအေးနှင့် မစဉ်းစားနိုင်သော ဗရုတ်ဗရက် အခါသယမကြီးဝယ် နိုင်ငံပိုင်ပစ္စည်းများသည် ဦးနေဝင်းကို ကိုယ်စားပြုနေသော ပုံရိပ်များ ဖြစ်တော့သည်။

"ချကွာ"

"ဆော်ကွာ"

"လူဝါးဝတဲ့ အစိုးရ"

"လူမဆန်တဲ့ နေဝင်းအစိုးရ ကျဆုံးပါစေ"

"မဆလပါတီ ကျဆုံးပါစေ"

"နေဝင်း... စန်းယု... ကျဆုံးပါစေ"

ထို့နောက် လှည်းတန်းလမ်းဆုံမှ မီးပွိုင့်များကို သွေးဆူနေသော လူအုပ်ကြီးက ရိုက်ခွဲလိုက်လေသည်။ အစိုးရ၏ ဘဏ္ဍာပစ္စည်း မှန်သမျှ ဘတ်စ်ကားများ၊ လမ်းမီးတိုင်များ၊ ဖုန်းကြိုးများ၊ ဖုန်းတိုင်များကို ခဲနှင့် ပေါက်ကြသည်။

ကလျာငြိမ်းနှင့် ညီညီဇော်လည်း လူအုပ်နှင့် ရောပါသွားသည်။ သူတို့သည် ငွေစက္ကူများ တရားမဝင် ကြေညာခံရခြင်း သတင်းကို ကြားခါစက အားပြတ်ကာ မေ့လဲကျတော့မတတ် ဝမ်းနည်းခဲ့ရသည်။ သူတို့ နှစ်ယောက်လုံးတွင် ရှိနေသော နောက်ဆုံးလက်ကျန်ငွေ ငါးဆယ်စီမှာ နှစ်ဆယ့်ငါးကျပ်တန် လေးရွက် ဖြစ်သဖြင့် ရှိသမျှငွေ ပြောင်လေပြီ။ အလိုလိုနေရင်း မိမိငွေများ ခားပြတိုက်ခံလိုက်ရသလို ဖြစ်ရခြင်းကို ဝမ်းနည်းရာမှ တဖြည်းဖြည်း အစိုးရကို မုန်းတီး နာကြည်းလာသည်။ အလကားအစိုးရ၊ အာဏာရူး ကိုယ်ကျိုးပဲ ကြည့်

mgoe.com

m g y o e . c o m

SAMPLE BOOK


တဲ့ အစိုးရ၊ ပြည်သူလူထုငွေကို လုယက်ယူတဲ့ အစိုးရပါတကားဟု ဒေါသဖြစ်လာကာ သူတို့လည်း ပေါက်ကွဲတော့သည်။ လူအုပ်က များသဖြင့် စိတ်တိုင်းကျ မဖျက်ဆီးရသော ညီညီဇော်နှင့် ကလျာငြိမ်းသည် လူအုပ်ထဲမှ ထွက်လာပြီး အင်းစိန်လမ်းမဘက်သို့ သွားကာ မီးပွိုင့်ကို ခဲနှင့် ထုတော့သည်။ အကြမ်းဖက်ဖျက်ဆီးသည်ကား မှန်၏။ သို့သော် ထိုသို့ အကြမ်းဖက်ချင်စိတ် ပေါ်ပေါက်လာအောင် စတင် သွေးထိုးလှုံ့ဆော်သူ မဆလအစိုးရသည်သာ အဓိက အကြမ်းဖက်တရားခံ ဖြစ်လေသည်။

ညီညီဇော်က ပထမတစ်ချက် မီးပွိုင့်ကို ခဲဖြင့်ပစ်ရာတွင် ဝါစိမ်းနီ သုံးခုတွင် အဝါကို ထိသွား၏။ ကလျာငြိမ်းက သူလည်း ပစ်ချင်သည် ဆိုသဖြင့် ခပ်ရွယ်ရွယ် ခဲတစ်လုံးကို ကောက်ပေးလိုက်သောအခါ–

"မတရားတဲ့ သူခိုးဓားပြ နေဝင်းအစိုးရ သွားစမ်း"

ဆိုကာ မီးပွိုင့်ကိုအားရပါးရ ခဲနှင့် ထုလိုက်လေသည်၊ သို့သော် မိန်းကလေးမို့ ချိန်သား မကိုက်သောကြောင့် ခဲလုံးသည် မီးပွိုင့်ကို လွဲသွားကာ အင်းစိန် မီးပွိုင့်တွင် မီးနီ၍ ရပ်နေသော ဖင်မလီယာ ကားလေးတစ်စီး၏ ဘေးမှန်ကို ဝှမ်းခနဲသွားထိကာ ကွဲသွားလေသည်။ ဟာ… ဒုက္ခပဲ၊ ကားမှန် ကွဲသွားပြီဟု ဆိုကာ ကလျာငြိမ်း မျက်နှာကို လက်နှင့် အုပ်ထားဆဲဝယ် အသက် ၅၀ ခန့် ဦးလေးတစ်ယောက် ကားထဲမှ ဒေါနှင့် မောနှင့် ဆင်းလာကာ သူတို့နှစ်ယောက်ကို တစ်ဖက်စီ ကုပ်မှဆွဲကာ ရဲစခန်းသို့ ခေါ်ငင်လေသည်။ ထိုစဉ်က လှည်းတန်း မီးပွိုင့်၊ အင်းစိန်လမ်းနှင့် ပြည်လမ်း ခွကြားဆုံ ကြက်လျှာစွန်း ကလေးတွင် ရဲကင်း စခန်းသေးသေးလေး တစ်ခု ရှိသည်။ ထိုရဲကင်းစခန်းထဲသို့ ညီညီဇော်နှင့် ကလျာငြိမ်းကို တွန်းထိုး ခေါ်ငင်သွားသည်။ ရောက်သည်နှင့် –

"အရေးယူပေးပါ၊ အရေးယူပေးပါ၊ ဟောဒီ လူငယ်နှစ်ယောက် ကျွန်တော့် ကားကို ခဲနဲ့ ထုပါတယ်၊ အဲဒါကြောင့် ကားဘေးမှန် ကွဲသွားပါတယ် ခင်ဗျ"

ဟု တိုင်တန်းလေသည်။

"ဝမ်းနည်းပါတယ် ဦးလေးရယ်၊ ကျွန်တော်တို့က ဦးလေး ကားကို တမင်လုပ်တာ မဟုတ်ပါဘူး၊ မီးပွိုင့်ကို ခဲနဲ့ထုတာ ချော်ပြီး ဦးလေး ကားကို မှန်တာပါ၊ ကျွန်တော်တို့က တက္ကသိုလ်ကျောင်းသားတွေပါ၊ ရတနာဆောင်နဲ့ ရွှေဘိုဆောင်ကပါ"

mgyoe.com

mgyoe.com

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ မခံနိုင်လွန်းလို့ လုပ်မိတာပါ၊ ခွင့်လွှတ်ပါ"

ဟု ကလျာငြိမ်းကလည်း ဝင်တောင်းပန်သည်။ ရဲတပ်ဖွဲ့ဝင်များကတော့ သူတို့ ပြောတာတွေကို နားထောင်နေသည်။

"နေစမ်းပါဦး၊ မင်းတို့က တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ဖြစ်တာနဲ့ မီးပွိုင့်ကို ခဲနဲ့ ထုတာနဲ့ ဘာဆိုင်လို့လဲ၊ မင်း ပြောနေတာ ပြည်သူပိုင် ပစ္စည်း ဖျက်ဆီးမှုကွ၊ နားလည်လား"

"ဒီမှာ ဦးလေး၊ ပြည်သူပိုင်ပစ္စည်းတွေ ဘာတွေ လာမပြောနဲ့၊ သူတို့တောင် ကျွန်တော်တို့ကို မညှာဘဲ ပြည်သူတွေ သုံးစွဲနေတဲ့ ပိုက်ဆံတွေကို တရားမဝင် ကြေညာသေးတာပဲ၊ ကျွန်တော်တို့ကကော ဘာကို ငဲ့နေရဦးမှာလဲ"

"ဘာ၊ ဘာ၊ ဘာ၊ မင်း ဘာပြောလိုက်တယ်၊ ငွေစက္ကူတွေ တရားမဝင် ကြေညာတယ် ဟုတ်လား၊ ဘာကို ကြေညာတာလဲ၊ ဘယ်သူက ကြေညာတာလဲ၊ ဘယ်တုန်းက ကြေညာတာလဲ"

"ဟာ... ဦးလေးကလည်း တစ်နိုင်ငံလုံး ခေတ်ပျက်သလို ဖြစ်ကုန်ကြတာ ဦးလေး မသိဘူးလား၊ ခုနက မနက် ၁၁ နာရီမှာ ရေဒီယိုနဲ့ ရုပ်မြင်သံကြားက ကြေညာသွားတာ၊ ၇၅ ကျပ်တန်ရယ်၊ ၃၅ ကျပ်တန်ရယ်၊ ၂၅ ကျပ်တန် ငွေစက္ကူတွေ အားလုံး နိုင်ငံတော်ကောင်စီက တရားမဝင် ကြေညာသွားပြီဗျ"

"ဟာ၊ အမယ်လေးဗျာ၊ ဟုတ်ရဲ့လားဗျာ၊ ကိုယ်ကျိုးနည်းပါပြီဗျာ"

"ဟုတ်တယ် ဦးလေး၊ မမြင်ဘူးလား အဲဒါကြောင့် လူတွေ မခံနိုင်ဖြစ်ပြီး ဆူကုန်ကြတာ လမ်းပေါ်မှာ"

"အမယ်လေးဗျာ၊ ကိုယ်ကျိုးနည်းပါပြီဗျာ။ ဦးလေးလေ နိုင်ငံခြား သင်္ဘောသားအဖြစ်နဲ့ တစ်နှစ်လုံး ပင်ပင်ပန်းပန်း ရှာထားခဲ့သမျှ ကားအသစ်ကလေး တစ်စီး ဝယ်လာ၊ အဲဒါကို အခုပဲ ပြန်ရောင်းခဲ့တာ ပိုက်ဆံတောင် ဟောဒီအိတ်ထဲမှာ ရှိသေးတယ်၊ အားလုံး ၇၅ ကျပ်တန်တွေချည်းပါပဲကွာ၊ မိုက်ရိုင်းလိုက်တာ၊ ခွေးမသား နေဝင်း၊ ငါတို့ ခံရသလို မင်း ဝဋ်မလည်ပါစေနဲ့၊ သွား သွား... မင်းတို့ကိုလည်း အမှု မလုပ်လိုတော့ဘူး၊ အား... ခေါင်းမူးလိုက်တာ"

ဦးလေးကြီးမှာ စကားပြောရင်း မူးလဲကျသွား၏။ သူတို့နှစ်ယောက်မှာ ကူညီချင်သော်လည်း အေးအေးဆေးဆေး ဆက်နေရန် အချိန် မရတော့ပြီ။ အဘယ့်ကြောင့်ဆိုသော် ဒေါသအိုး ပေါက်ကွဲနေသော ကျောင်းသားနှင့် အရပ်

mgyoe.com

m g y o e . c o m


သားလူထုသည် လှည်းတန်းလမ်းဆုံ လူအများမြင်ကွင်းဝယ် ထီးတည်းကြီး ဖြစ်နေသော ရဲစခန်းအား ခဲများဖြင့် ဝိုင်းဝန်းပေါက်နေကြပြီ ဖြစ်သောကြောင့်ပေတည်း။

❖

ငြိမ်းစံသည် အဆောင်ပြတင်းပေါက်မှ မြင်ရသော မြင်ကွင်းကို ကြည့်ရင်း အတွေးနယ်ချဲ့နေမိသည်။ မြင်ကွင်းတို့သည် အနီးကပ် ကြည့်နေသော်လည်း အနီးကဟာကို မမြင်၊ ဝေးလံမှုန်သီသော အတိတ်ကို မြင်ချင် မြင်နေမိသည်။ အတိတ်က အကြောင်းကို စဉ်းစားရင်းနှင့် ပစ္စုပ္ပန် ဖြစ်ရပ်များဆီ ရောက်ချင်လည်း ရောက်လာနေတတ်သည်။ သူ၏ အဖြစ်သည် ဓာတ်ပုံဆလိုက် နှစ်ခုကို တစ်ပြိုင်တည်း မြင်ရသလို ဖြစ်နေသည်။ တစ်ပုံက ပုံဟောင်း၊ တစ်ပုံက ပုံအသစ်။ သို့သော် ထိုနှစ်ခုမှာ သီးခြားစီဖြစ်ပြီး တစ်ခါတစ်ရံတွင် မှုန်ဝါးနေလေသည်။ နေရာတစ်ခုတည်းကိုပင် ပုံသစ်ကို မြင်လိုက်၊ ပုံဟောင်းကို မြင်လိုက် ဖြစ်နေပေသည်။ ဥပမာအားဖြင့် ပုဂံမြို့ကြီးသို့ လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က အလည်အပတ် သုံးလေးငါးလခန့် ရောက်ရှိလည်ပတ်ဖူးပြီး တစ်ခေါက်မှ မရောက်တော့ဘဲ နှစ်သုံးဆယ်ကြာမှ ထိုနေရာသို့ ပြန်ရောက်သွားသော ခရီးသွားဧည့်သည် တစ်ယောက်လိုဖြစ်နေသည်။ ယခု ဓမ္မရံကြီးဘုရားရှေ့မှ အပြင်အဆင် ဈေးဆိုင်ခန်းများ၊ လမ်းများသည် ယခင် နှစ်သုံးဆယ်က အသွင်အပြင် မဟုတ်ကြတော့။ ထို့ကြောင့် သူရောက်ခဲ့ဖူးတာ ဒီနေရာ မဟုတ်ဘူးဟုလည်း မပြောနိုင်ချေ။ ဒါကို နေ့စဉ် တွေ့နေသူများက သိချင်မှ သိမည်၊ အမှတ်ထားမိချင်မှ ထားမိမည်။ အဆောက်အအုံတစ်ခုကို နှစ်သုံးဆယ်ခွာ၍ တစ်နေရာတည်းမှာ ရိုက်ထားသော ဓာတ်ပုံ နှစ်ပုံကို ယှဉ်ကြည့်ရသလိုပင် တူလည်း တူသည်၊ မတူတာတွေလည်း မတူတော့ပေ။ သူ့စိတ်ထဲမှာလည်း ထိုသို့ပင် ဖြစ်နေချေသည်။ သို့သော် လောကကြီးမှာ သူမသိသေးတာ၊ နားမလည်သေးတာတွေလည်း အများကြီး ဖြစ်နေပါသည်။

သူ့ကို တနင်္သာရီတိုင်း၊ မြိတ်မြို့တွင် မွေးဖွားသည်။ သူ စကားစပြောတတ်သည့် အရွယ်မှာပင် ကလေးသဘာဝ ကစားရင်း ပင်လယ်ကြီးကို ငေးကြည့်နေရင်း ငါ့အိမ်က ကျိုက်ထိုမှာ ရှိတယ်၊ ငါ့ကျောင်းက ရန်ကုန်မှာ ရှိတယ်ဟု ပြောလေ့ ရှိသည်။ လူကြီးတို့သည် အစကတော့ သူ့စကားကို သိပ်ပြီး အလေး

mgwoe.com


အနက် မထားပေ။ ကလေးအတွေးဖြင့် စိတ်ကူးယဉ်ကာ ထင်မိထင်ရာ လျှောက်ပြောနေကြသည်ဟု ထင်ကြသည်။ သို့သော် သူတို့ စဉ်းစားမရသည်မှာ အသက်သုံးလေးနှစ်အရွယ် ကလေးတစ်ယောက်သည် ရန်ကုန် ဆိုသော အမည်ကို နားစွန်နားဖျားဖြင့် ကြားကောင်း ကြားဖူးနိုင်သော်လည်း ကျိုက်ထိုဆိုသည့် မြို့အမည်ကို သိနေတာ ဆန်းလှသည်။ သူတို့မြို့မှ ငြိမ်းစံနှင့် ရွယ်တူ ကလေးများသည် ဤလောကကြီးဝယ် ကျိုက်ထို ဆိုသောမြို့ တည်ရှိကြောင်းကိုပင် မသိသူတွေ ဖြစ်ကြလေသည်။ ပို၍ ဆိုးသည်ကား သူ၏ကျောင်း ရန်ကုန်တွင် ရှိသည် ဆိုခြင်းပင်။ ဘာကျောင်းမှန်းလဲ မေးလို့ မရ။ စိတ်ရှည်လက်ရှည် မေးကြည့်လျှင်တော့ ငါ့ကျောင်း ဆိုတာ ရန်ကုန်တက္ကသိုလ်ပေါ့ဟု ဖြေတတ်သည်။

ငြိမ်းစံ၏ မိဘများသည် ရိုးသား အေးဆေးသော ရေလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်သည်။ ငါးဖမ်းလှေများ ပိုင်ဆိုင်သည်။ မြိတ်မှာပဲ ဘိုးစဉ် ဘောင်ဆက် နေလာသူတွေ ဖြစ်သည်။ ကျိုက်ထီးရိုး ဘုရားဖူး ရောက်ဖူးစဉ် ကျိုက်ထိုမြို့မှ ဖြတ်သွားဖူးသော်လည်း ကျိုက်ထိုတွင် တစ်ခါမှ မနားဖူးပေ။ အသိလည်း မရှိပေ။ ကျိုက်ထိုနှင့် သူတို့ မည်သို့မျှ ပတ်သက်မှု မရှိပေ။ ရန်ကုန်ဆိုလျှင် ရွှေတိဂုံဘုရား သွားဖူးစဉ်က တစ်ကြိမ်သာ ရောက်ဖူးသည်။ သူတို့ တစ်မျိုးလုံး တစ်ဆွေလုံး ရေလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းကြသော်လည်း ငြိမ်းစံသည် ထိုအလုပ်များကို ငယ်စဉ်ကတည်းက ဝါသနာ မပါပေ။ မိသားစုထဲတွင် ထူးထူးခြားခြား ငြိမ်းစံသည် ကျောင်းစာတွင် ထူးချွန်သူ ဖြစ်သည်။ ကျူရှင်မယူသော်လည်း ငယ်စဉ်ကပင် အတန်းထဲတွင် အဆင့် တစ်၊ နှစ်၊ သုံး အမြဲရလေသည်။ ကျောင်းစာကိုလည်း စိတ်ဝင်စားသည်။ တစ်နှစ် တစ်တန်း ထူးချွန်စွာ အောင်သည်။

ငြိမ်းစံ အသက် ကိုးနှစ်အရွယ်တွင် ပူဆာလွန်းသဖြင့် ကျိုက်ထိုကို လိုက်ပို့ရသည်။ မြို့သို့ ဝင်လာသည်နှင့် ငြိမ်းစံက လမ်းပြသည်။ ဟိုဘက်ကွေ့ သည်ဘက်ကွေ့ ဆိုတာတွေကို သူပဲ ပြောသည်။ သို့သော် ငြိမ်းစံက သူ့အိမ်ဟု ပြသော အိမ်က ဟုတ်သော်လည်း မူလပိုင်ရှင်များ မရှိကြတော့ပြီ။ အိမ်ရှင် အသစ် ပြောင်းနေပြီ ဖြစ်သည်။ အိမ်ရှင်အသစ်က အိမ်ရှင်ဟောင်းတွေ အကြောင်း သိပ်မသိ။ ပတ်ဝန်းကျင်ကို စုံစမ်းကြည့်တော့ ငြိမ်းစံ ပြောနေသော အရင်ဘဝက မိဘနှစ်ပါးမှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြတာ ၁၀ နှစ်လောက် ရှိပြီဟု သိရသည်။ သို့သော် ထိုမိဘနှစ်ပါးအနက် မိခင်ဘက်မှ မောင်ဖြစ်သူသည်

mgwoe.com

m g y o e . c o m

SAMPLE BOOK


ယခုအခါ တောရကျောင်း တစ်ခုတွင် ဘုန်းတော်ကြီး ဖြစ်နေသည်ဟု ဆိုသဖြင့် သူတို့ လိုက်ကြပြန်သည်။ ဘုန်းကြီးကျောင်းသို့ ရောက်သောအခါ အသက်အရွယ် ၇၀ အရွယ် ဘုန်းတော်ကြီး တစ်ပါးအား ငြိမ်းစံသည် ပြေးဖက်ကာ–

'ဦးလေးထွန်း' ဟု ခေါ်လိုက်လေသည်။ ဘုန်းဘုန်းသည် အံ့သြပြီး ကြည့်နေသည်။ ငြိမ်းစံ မိဘများက အကြောင်းစုံကို ရှင်းပြရသည်။ ထိုအခါမှ ဘုန်းတော်ကြီးသည် ငြိမ်းစံကို သေသေချာချာ ကြည့်ကာ–

"ဟုတ်ပေတယ်ဟ၊ သေသေချာချာ ကြည့်မှ ဒီမျက်နှာကို ငါ ပြန်မှတ်မိပြီ၊ ငါ့တူမ ကလျာငြိမ်း ငယ်ငယ်တုန်းကနဲ့ တစ်ပုံစံတည်းပါလား၊ အသားအရေက အစ တူတယ်၊ မျက်နှာကျလည်း တူတယ်၊ မျက်လုံး မျက်ခုံးလည်း တူတယ်၊ ဒါပေမဲ့..."

ဘုန်းကြီးက ဒါပေမဲ့တွင် ရပ်သွားသည်။

"ဘာဖြစ်လို့ပါလဲ ဘုရား"

ဟု ငြိမ်းစံ ဖခင်က ဝင်ရောက် လျှောက်ထားသည်။

"ဘာမှ မဟုတ်ပါဘူး၊ ကလေးမလေး အသက်က ဘယ်နှနှစ် ရှိပြီလဲ ဒကာကြီး"

"ကိုးနှစ် ကျော်ကျော်ပါ ဘုရား"

"အိမ်း... ငါ့တူမ ကလျာငြိမ်း ဆုံးတာ နှစ် ၂၀ လောက် ရှိနေပြီကွဲ့၊ ငါ့သမီးက ကလျာငြိမ်းဆို ဘယ်ကို ရောက်နေတာလဲ သမီး"

ငြိမ်းစံက ခေါင်းကို ငုံ့ထားသည်။ ဘာမှ အဖြေမပေးပေ။

"အေးအေး၊ နင့်မိဘနှစ်ပါးကတော့ ဖဝါးရောဂါနဲ့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြတယ်ကွဲ့၊ ဆုံးတာ ဆယ်နှစ်လောက်တော့ ရှိပြီ၊ ဟိုကိစ္စဖြစ်ပြီး သူတို့လည်း လူနဲ့ စိတ်နဲ့ မကပ်ဘူး ထင်ပါတယ်ကွယ်၊ တရှောင်ရှောင်နဲ့ ရောဂါ ဝင်ပြီး ဆုံးတာပါပဲ၊ ငါ့ညီမက နှလုံးရောဂါနဲ့ အရင်ဆုံးတယ်၊ နောက် သုံးလ လောက် ကြာတော့ ဒကာကြီးလည်း ဦးနှောက်သွေးကြော ပြတ်ပြီး ဆုံးတာပဲ၊ တူမ သိတဲ့အတိုင်းပဲ တို့က ဒီမြို့ဇာတိ မဟုတ်ဘူးလေ၊ ဆွေမရှိ မျိုးမရှိနဲ့ပါကွယ်၊ ငါလည်း ကိုယ်ချစ်တဲ့သူတွေ အကုန် ဆုံးပါးကုန်တော့ လောကကြီးမှာ နေချင် စိတ် မရှိတာနဲ့ သာသနာ့ဘောင် ဝင်လိုက်တာပဲ၊ အခုတော့ အတော်ကြီးကို အေးချမ်း နေပါပြီ၊ ဒကာမလေးလည်း ရောက်ရာဘဝမှာ ပျော်ပါတော့၊ ဘာမှ အတိတ်ကို

m g y o e . c o m

တွေးပြီး မပူပန်ပါနဲ့၊ ဦးလေး ဘုန်းဘုန်းဆီလည်း ထပ်မလာခဲ့ပါနဲ့၊ ဒီသံသရာ အရှုပ်အထွေးတွေကနေ ဦးဇင်း ရုန်းထွက်နေပါပြီ၊ သံယောဇဉ် ငြိတွယ်စရာတွေ မလိုချင်တော့ပါဘူး၊ အင်း... သံရာဟာ သိပ်ကြောက်စရာ ကောင်းပါလား"

အသက် ၇၀ ကျော်စ အဘိုးအိုတစ်ဦးက အသက် ၉ နှစ်အရွယ် ကလေးမလေး တစ်ယောက်အား လူကြီးသဖွယ် လက်ခံ စကားပြောနေသည်ကို ငြိမ်းစံ မိဘနှစ်ပါးနှင့် ဘုန်းကြီးကျောင်းမှ ဧည့်သည်အချို့က အထူးအဆန်းသဖွယ် ကြည့်နေကြသည်။ သို့သော် ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးလည်းဖြစ်၊ အတော်အသင့် တရားနှလုံးသွင်းနိုင်နေပြီ ဖြစ်သော ဦးထွန်းမြင့်(ခေါ်) ဦးတိသ ကတော့ အထူးအဆန်းဟု မှတ်ယူဟန် လက္ခဏာ မရှိချေ။ ငြိမ်းစံကို လူဝင်စားဟု အသိအမှတ် ပြုသော်လည်း ထပ်မံ၍ စပ်ယှက်ပတ်သက်လိုဟန် မရှိတော့ပေ။ သူ့ဘဝ၏ နောက်ဆုံးအချိန်များကို ဘုန်းကြီးကျောင်းရှိ ကမ္မဋ္ဌာန်းရိပ်သာ အတွင်းတွင်သာ နေ့ရော ညပါ တရားအားထုတ်ရင်း ကုန်လွန်လိုဟန် ရှိပေသည်။ ထို့ကြောင့် သူတို့ မိသားစုများသည် ကျိုက်ထီးရိုးဘုရားကို သွားရောက် ဖူးမြော်ကြပြီး မြိတ်မြို့သို့သာ ပြန်လာခဲ့ကြပေသည်။ ဤသို့ဖြင့် သူမ၏ အတိတ်ဘဝ စုံစမ်းခန်းမှာ ဟိုမရောက်၊ သည်မရောက်ဖြင့် တစ်ခန်းရပ်ရတော့သည်။ သို့သော် ငြိမ်းစံသည် ဘုန်းကြီးကျောင်းမှ ထွက်မလာခင် သူ၏ ဦးလေးတော်စပ်ဖူးသူအား ငယ်စဉ်ကပင် သူတို့အား ဦးလေးအမြဲ ဆိုပြသော သီချင်းတစ်ပုဒ်၏ တစ်ပိုင်းတစ်စကို ဆိုပြခဲ့သည်။ ဘုန်းတော်ကြီးသည် ထိုသီချင်းကို ကြားလျှင် ငြိမ်းစံ၏ ခေါင်းကို ပွတ်၍ –

"ငါ့တူမက ဒီလောက် နှစ်တွေကြာတာတောင် မှတ်မိသေးတာကိုး" ဟု ပြောလိုက်လေသည်။

ထို့နောက်တွင်တော့ ငြိမ်းစံ၏ နေ့စဉ် နေထိုင်မှုဘဝသည် အတိတ်ဘဝနှင့် ဆက်စပ်ယှက်နွယ်မှု မရှိသလောက် နည်းပါးသွားပါတော့သည်။ သူ၏ မိဘနှစ်ပါးသည် ထိုကိစ္စတွေကို သိပ်ပြီး စိတ်မဝင်စားသလို ဆက်လက်စုံစမ်းရန် လမ်းဆုံးနေပြီ ဖြစ်သော မရေမရာကိစ္စကိုလည်း လိုက်လံစုံစမ်းမနေချင်တော့ပေ။ ဤသို့ဖြင့် အတိတ်ဘဝ ဇာတ်ကြောင်းကိစ္စသည် ငြိမ်းစံ ခေါင်းထဲမှ တဖြည်းဖြည်း မှုန်ဝါးလွင့်ပြယ် သွားလေသည်။ သုတေသီတို့၏ အဆိုအရ လူဝင်စား ကလေးများသည် အရင်ဘဝကို မှတ်မိသည် ဆိုရာတွင် ငယ်ရွယ်သော အချိန်

mgyoe.com

m g y p e . c o m  SAMPLE BOOK 

များတွင် အဓိကအားဖြင့် မှတ်ဉာဏ်အား အကောင်းဆုံးဖြစ်ပြီး အသက် ဆယ်နှစ် ကျော်သွားသောအခါ လက်ရှိဘဝ၏ အဖြစ်အပျက်များ၏ ပိုမိုလွှမ်းမိုးခြင်းကို ခံရကာ တဖြည်းဖြည်း အတိတ်ဘဝကို မေ့ပျောက်သွားတတ်ကြသည်ဟု ဆိုလေ သည်။ သို့သော် တိုက်ဆိုင်သော လူနှင့် ပတ်ဝန်းကျင်တို့ကိုသာ ပြန်လည်ရောက်ရှိ ခဲ့လျှင် အတိတ်ဘဝမှ ပုံရိပ်များကို လူဝင်စားဖြစ်သူက အသက်ကြီးမှလည်း ပြန် လည် မြင်ယောင်လာတတ်ကြောင်း ပြောကြပေသည်။

အင်္ဂလန်ဇာတိ အသက် ၂၉ နှစ် အရွယ်ရှိ နာမည်ကျော် ရုပ်ရှင်မင်းသမီး ဒီယန်ကင်းသည် နိုင်ငံပေါင်းများစွာသို့ ရောက်ဖူးခဲ့ရာ မည်သည့်နိုင်ငံတွင်မျှ အီဂျစ် ပြည်မှာလောက် စိတ်လှုပ်ရှားမှု မဖြစ်ခဲ့ချေ။ သူမသည် အီဂျစ်နိုင်ငံသို့ မကြာခဏ သွားလိုပြီး အီဂျစ် ရောက်တိုင်းလည်း ဘဝင်တွင် လှိုင်းထခဲ့ရ၏။

အီဂျစ်သို့ ရောက်လျှင် ကိုင်ရိုမြို့ ရှေးဟောင်းပြတိုက်သို့ သွားရောက်ပြီး မကြည့်ရှုရလျှင် ဒီယန်ကင်း မနေနိုင်ပါ။ ပြတိုက်အတွင်းတွင် ပြသထားသော ရှေးဟောင်းဘုရင်များ၏ အသုံးအဆောင် ပစ္စည်းများကို ကြည့်ရင်း ထိုပစ္စည်း တို့ကို ယခင်က မိမိကိုယ်တိုင် ကိုင်တွယ်သုံးစွဲခဲ့ဖူးသလို စိတ်ထဲတွင် ခံစားမိ၏။

ရှေးဟောင်း ဘုရားကျောင်း တစ်ဆောင်ထဲသို့ ဝင်ကြည့်သောအခါ ချက်ချင်း ပြန်ထွက်ချင်သော်လည်း ခြေထောက်များကို ခေတ္တ ရွှေ့မရဘဲ မှင်တက် မိနေ၏။ ထိုရှေးဘဝဝယ် အစ်ကိုတစ်ယောက် ရှိခဲ့သည်ကို တရေးရေး ပြန်တွေး မိပြီး ထိုအစ်ကိုသည် မြင်းရထား ကြိတ်၍ သေဆုံးခဲ့ရသည်ကို ဝမ်းနည်းစွာ မြင် ယောင်လာ၏။

ပိရမစ်ကြီးများကို ကြည့်ရှုသော အခါတွင်လည်း ထိုနေရာတစ်ဝိုက် သည် ဖာရိုးဘုရင်များက ထီးနန်းစိုးစံရာ လွင်ပြင်ကြီး ဖြစ်ခဲ့သည်ကို ပြန်အမှတ် ရ၏။

"ကျွန်မဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀၀ ကျော်က ဘဝဟောင်း ရှိခဲ့တာ ကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ခံစားနေရတယ်လို့ လေးလေးနက်နက် ယုံကြည် ပါတယ်ရှင်" ဟု ဒီယန်ကင်းက ဝန်ခံခဲ့ဖူးလေသည်။

ယခုအခါ ငြိမ်းစံသည်လည်း ကလေးဘဝတစ်လျှောက် အနည်ထိုင်ခဲ့ သော ဇာတိသရဉာဏ်သည် မှေးမှိန်လာပြီးနောက် ယခင်ဘဝက သူ ကျင်လည်ခဲ့ ဖူးသော ပတ်ဝန်းကျင်တွင် ညီညီဇော် (ခ) ရင်ခတ်ငြိမ်းကို ရုတ်တရက် တွေ့လိုက်

m g y p e . c o m

mgyoe.com

ရသောအခါ မီးခဲပြာဖုံးနေသော မှတ်ဉာဏ်များသည် ဖိုးတစ်လုံး ပေါက်ကွဲသလို မှတ်ဉာဏ် အလင်းပွင့်မှု ဖြစ်ပေါ်သလား မသိတတ်ချေ။

❖

"နင် ဘယ်လို ဆက်လုပ်မလဲ ငြိမ်းစံ"

"ဟင်... ငါက ဘာကို ဘယ်လို ဆက်လုပ်ရမှာလဲ"

မှန်တင်ခုံရှေ့တွင် ဘီးဖြီးနေသော ငြိမ်းစံက ကေကေ့ အမေးကို နောက်သို့ လှည့်မကြည့်ဘဲ မှန်ထဲမှ ကြည့်ကာ ဖြေလိုက်ခြင်း ဖြစ်သည်။ သူက ဆံပင်နှစ်ဖက်ကို ခွဲ၍ ဖဲကြိုးလေးတွေဖြင့် စည်းလိုက်ပြီး နားတွင် ဖန်စီ နားကပ်အဝါရောင်လေးကို ပန်လိုက်သည်။ ကေကေက မြန်မြန်မာဆန်ဆန် ဝတ်စုံများကို လူကြီးတစ်ယောက်လို ဝတ်ဆင်တတ်သည်။ ငြိမ်းစံကတော့ အမြဲတမ်း ကလေးတစ်ယောက်လိုသာ စကပ်များ၊ ဂါဝန်များ၊ အရုပ်ကလေးတွေပုံ ပါသော ကျောပိုးအိတ်များ၊ အရုပ်ပုံ တွဲလောင်းလေးတွေ ပါသော ပိုက်ဆံအိတ်များကို ကိုင်တတ်သည်။

"ဦးညီညီဖော် ကိစ္စလေ "

"ဟယ်... နင့် ဦးညီနဲ့ ငါက ဘာဆိုင်လို့လဲ"

"ကောင်မ... ပြောင်စပ်စပ် လုပ်မနေနဲ့၊ နင် လုပ်လိုက်တာ ဟိုက ကျွိုင်တက်နေပြီ၊ အဲဒါ နင့် ဖုန်းနံပါတ်နဲ့ ဖေ့စ်ဘွတ် link ပေးပါတဲ့၊ ငါ့ကို တောင်းနေတယ်၊ ပေးလိုက်ရမလား"

"ချက်ချင်း ပေးလိုက်ရင် ဈေးပေါရာ ရောက်နေမယ်၊ ဒီလိုလုပ်... ငြိမ်းစံ မသိဘဲ သမီး မပေးချင်ဘူးလို့ သူ့ကိုပဲ တောင်းပါလို့ ဆိုပြီး ငါ့ ဖေ့စ်ဘွတ် link ချပေးလိုက်ပေါ့ "

"အမယ်၊ ဒါမျိုးကျ ဉာဏ်ထွက်တယ်နော်၊ ဒါနဲ့နေပါဦး... နင့်အကြောင်းကို မယုံသင်္ကာနဲ့ဟ၊ ဦးညီက ငါ့ကို မေးတာလည်း စုံနေတာပဲ၊ ဟိုဟာ နင်က သီချင်းဆိုတာတွေ ဘာတွေ ဝါသနာပါလားတို့၊ သီချင်းအဆိုပြိုင်ပွဲ ဝင်ဖို့ အစီအစဉ် ရှိလားတို့ စုံနေတာပဲ "

"နင်က ဘယ်လို ပြောလိုက်လဲ"

mgyoe.com

"သမီး သိသလောက်တော့ ငြိမ်းစံက သီချင်းတစ်ပုဒ်တောင် အစအဆုံး ဘယ်ဟာမှ မရဘူးလို့၊ KTV တွေ ဘာတွေ သွားဆိုဖို့လည်း ဝါသနာ မပါဘူးလို့၊ သူများတွေ ဆိုနေတုန်း သူ ဝင်ဆိုရင်တောင် ကီးကြောင်ကြီးနဲ့ ဝင်အော်လို့ သီချင်းအရသာတောင် ပျက် ...."

"အေး... နင်နေဘ်၊ သီချင်းဆို ဝါသနာမပါဘူးလို့ ရိုးရိုးပြောရင် ရပါပြီဟဲ့၊ တကတဲ ငါ့ညံ့ကွက်တွေ အကုန်ဖော်တော့မလား မသိပါဘူး"

"နေဦးဟ ငြိမ်းစံရ၊ နင်က ဒီတစ်ခါ တွေ့ရင် သူဟာ နင့်ရဲ့ အရင်ဘဝက ချစ်သူပါ ဆိုတာ နင်က တကယ် ပြောပြလိုက်တော့မှာလား"

"ဟာ... အဲဒီလို ပြောလို့ ဖြစ်မလားဟ၊ ပြီးတော့ သူနဲ့ငါနဲ့က ချစ်သူတွေ မဟုတ်သေးပါဘူး၊ ဟုတ်တော့မလို့ပဲ ရှိခဲ့သေးတာ"

"နင့်ဟာက ရှုပ်နေတာပဲ၊ နင် အခုကိစ္စကို အပျော်သက်သက် စ,နောက်နေတာ မဟုတ်လား၊ ဟိုတစ်ခါဟယ် ကျောင်းစတက်တဲ့ နေ့က ကျော်စွာဟိန်းကို နင် နောက်လိုက်တာ တော်တော် လွန်ပါတယ်၊ ဟိုက နင့်ကို တကယ် စကားမပြောတတ်ဘူး ထင်နေတာ၊ သိသွားတော့ တော်တော် ရှက်သွားမှာပဲ"

ကျောင်းစတက်သည့် နေ့က ကျောင်းသားရေးရာ ဌာနတွင် ကျောင်းလခသွားသွင်းကြရာ ကျော်စွာဟိန်းဆိုသောကောင်လေးက ငြိမ်းစံကိုတကြည့်ကြည့်လုပ်နေသည်။

"နင့်ကို ကျော်စွာဟိန်း စွတ်ရှိုးနေတယ် ဟ"

ဟု ဘေးတွင် ရပ်နေသော ခင်သီတာအေးက သတင်းပေးသည်။

"အေး... ငါ့အကြောင်း မေးရင် မွေးရာပါ ဆွံ့အနေတယ်လို့ ပြောထားလိုက်"

ကျော်စွာဟိန်းသည် သူတို့နှင့် မေဂျာတူ ကျောင်းသား ဖြစ်သည်။ အသားဖြူဖြူ အရပ်ရှည်ရှည်နှင့် ရုပ်ရည်သနားကမား ရှိပြီး အလွန်ရှက်တတ်သည်။ ငြိမ်းစံက ကျော်စွာဟိန်း ရှေ့တွင် စကားမပြောတတ် ဟန်ဆောင်သည်။ ကျန်သည့် မိန်းကလေး သူငယ်ချင်းများကလည်း ငြိမ်းစံ စကားမပြောတတ်ကြောင်း ဘေးတီးပေးသည်။ တစ်နေ့တွင် ငြိမ်းစံက ကျော်စွာဟိန်းကို ကန်တီးန်သို့ သွားရန် လက်ဟန်ခြေဟန်ဖြင့် ခေါ်သည်။ ကျော်စွာဟိန်းက ဝမ်းသာအားရ လက်ခံသည်။ ကြူကြူဝင်း၊ ခင်သီတာအေး၊ ကေကေ တို့က မယောင်မလည်ဖြင့် နောက်က လိုက်ကြည့်ကြသည်။ ကျော်စွာဟိန်းက ငြိမ်းစံကို တကယ်စကား

mgyoe.com  SAMPLE BOOK 

မပြောတတ်ဘူး ထင်ကာ လက်ဟန် ခြေဟန်တွေနှင့် ပြောနေသည်။ ငြိမ်းစံက ခပ်တည်တည်ပင် နားထောင်လိုက်၊ ရယ်လိုက်၊ ခေါင်းညိတ်ပြလိုက် လုပ်နေသည်ကို IR ကျောင်းသူ ကျောင်းသားများက နောက်မှ ချောင်းကြည့်ပြီး တအုန်းအုန်းပွဲကျသွားသည်။ အကျိုးအကြောင်း သိတော့ ကျော်စွာဟိန်း မျက်နှာကြီး နီပြီးထွက်ပြေးသွားသည်။ ကျောင်းကို တစ်ရက်လုံး မလာဘဲ နောက်နေ့ ကျောင်းလာတော့ ငြိမ်းစံကို လှည့်မကြည့်တော့ပေ။

"အေးပါဟ၊ ကျော်စွာဟိန်းကို ငါက စ,တာပါ၊ နှင့်အသိ ဦးညီက လူကြီးလေ၊ ငါက စ,ပါ့ နောက်ပါ့မလား၊ ဒါပေမဲ့ဟာ သူနဲ့ ရိုးရိုးပဲ ခင်ချင်တယ်၊ အရင်ဘဝက အကြောင်းတွေကို မပြောချင်ဘူး"

"ဘာဖြစ်လို့လဲ အသက် ကွာနေလို့လား "

"မဆိုင်ပါဘူး၊ အသက်နဲ့ မဆိုင်ဘူး၊ အချစ်မှာ အသက်အရွယ်၊ ဂုဏ်ဓနအဆင့်အတန်း မရှိပါဘူး၊ အဓိကက အရင်ဘဝမှာ ရင်းနှီးခဲ့တာကို ငါ့ဘက်ကပဲမှတ်မိတာလေ၊ သူက မှတ်မိတာ မဟုတ်ဘူး၊ ကိုယ့်ကို မမှတ်မိတဲ့ ယောကျာ်းတစ်ယောက်ကို ကျွန်မကို မှတ်မိလား၊ ကျွန်မက အရင်ဘဝက ရှင့်ချစ်သူပါလို့ပြောရတာ ဘယ်လောက် အောက်လဲ၊ သူက ယုံရင် တော်ပါသေးရဲ့၊ မယုံရင်ငါက အတင်း ဇာတ်လမ်းတွေ ထွင်ပြီး လိုက်ကပ်နေတယ် ထင်ဦးမယ်လေ၊ပြီးတော့ သူ ငါ့ရဲ့အတိတ်ကို မှတ်မိ လက်ခံခဲ့ရင်တောင် သူ့ကို အရင်ဘဝကလိုပြန်ချစ်တော့မယ်လို့ ငါ အာမမခံနိုင်ဘူး၊ မှတ်မိတာက မှတ်မိတာပဲ၊ အရင်ဘဝက အချစ်ဇာတ်လမ်းမှာ ချစ်တာက ချစ်တာပဲ၊ ဒီဘဝက ဒီဘဝ ဒီဘဝပဲ"

"မှန်တယ် သူငယ်ချင်း၊ အရင်ဘဝက ရည်းစားတိုင်း ခုဘဝမှာ ရည်းစားဖြစ်စရာ မလိုဘူး၊ အသစ်ကလေး ဘာလေး ထားကြည့်လိုက်၊ ဥပမာ–ကျော်စွာဟိန်းဟယ် သနားပါတယ်၊ နင့်ကို ကျိတ်ကြွေနေတာ၊ ရုပ်ရည်ကလည်း သနားကမားလေး၊ နင်ကြိုက်တဲ့ တရုတ် ဇာတ်လမ်းတွဲတွေထဲက မင်းသားလေးလိုပဲ၊ နင့်ကိုလည်း ခိုက်နေတာ သေချာတယ်၊ လှုပ်ရှားလိုက်တော့"

"မဖြစ်ပါဘူး ဟယ်၊ ငါလေ သူနဲ့ မျက်နှာချင်းဆိုင်လိုက်တာနဲ့ စချင်နောက်ချင်တဲ့ စိတ်တွေပဲ ဖြစ်နေတာ၊ သူကလည်း ရှက်တတ်လိုက်တာ လွန်ပါရော"

စကားပြောရင်း ပြတင်းပေါက်မှ ကြည့်လိုက်ရာ အဆောင်ကော်ရစ်ဒါမှာ လူရှင်းနေတာ တွေ့ရလေသည်။ ဘာရယ်မဟုတ် ငြိမ်းစံက ပြောလိုက်သည်။

mgyoe.com

"အဆောင်ကလည်း လူရှင်းသွားလိုက်တာ၊ ဟိုတုန်းက ဒီလို တနင်္ဂနွေ မနက်ခင်း ကျနေတာပဲ၊ ဟိုတုန်းက ဒီထက် ဆိုးတယ်ဟ"

"ဟယ်… နင်ကလည်း အရင်းမရှိ အဖျားမရှိ၊ ဘယ်တုန်းကလဲ"

"အစိုးရက ငွေစက္ကူတွေ တရားမဝင် ကြေညာလို့ တက္ကသိုလ်ကျောင်းသား တွေ ဆူပူဆန္ဒပြပြီး နောက်တစ်နေ့ မနက်ဟ"

"ဟယ်… ဘယ်လိုတွေ ဖြစ်ခဲ့တာလဲ ပြောပြ"

ငြိမ်းစံ၏ မျက်ဝန်းသည် မှုန်မှိုင်းသွား၏။ အတိတ်ကာလဆီသို့ လျင်မြန် လွန်းသော စိတ်အဟုန်သည် တဒင်္ဂအတွင်း နှစ်ပေါင်းများစွာ နောက်ဆုတ် ရောက်ရှိ သွားခဲ့ချေပြီ။

❖

ရဲစခန်းမှ ပြန်လာတော့ တစ်လမ်းလုံး ကလျာငြိမ်းနှင့် ညီညီဇော် ရယ်မောစ,နောက် လာကြသည်။

"ကံကောင်းလို့နော် ငြိမ်း၊ နင် လုပ်လိုက်တာ အချုပ်ခန်းထဲမှာ အိပ်ရ တော့မလို့၊ ကမာရွတ် စခန်းက နင့်ကို ခေါ်ထားလိုက်တော့မှာ၊ ဟိုဦးလေးကြီး အမှု မဖွင့်လိုက်တာ ကံကောင်း"

"အမယ်… ငါ့ကို ဖမ်းတော့ နင်လည်း လွတ်မှာလားဟဲ့ ငဇော်ရဲ့၊ ဒီမှာ ဟိုဦးလေးကြီး အမှုမဖွင့်လို့ မဟုတ်ဘူး၊ ကျောင်းသားတွေ ရဲစခန်းကို ခဲနဲ့ ပိုင်းပေါက် လို့ သူတို့လည်း အထဲ ဝင်ပြေးပြီး ပုန်းကုန်ကြတာ"

"နင်ကလည်း နင်ပဲ ငြိမ်းရဲ့၊ မိန်းကလေး ဖြစ်ပြီး မီးပွိုင့်ကို ခဲနဲ့ ပစ်ရ တယ်လို့"

"သောက်အစိုးရ… ငါ ကြေကို မကြေဘူး၊ ငါတို့ တိုင်းသူပြည်သားတွေ ပိုက်ဆံတွေ အလကားနေရင်း ဓားပြတိုက်ခံလိုက်ရတယ်၊ ဒါနဲ့ ငါ့မှာ စီစီဝင်း ပေးသွားတဲ့ ဆယ့်ငါးကျပ် ရှိတယ်၊ ရော့… နင် တစ်ဆယ် ယူထားလိုက်၊ ငါ ငါးကျပ် ယူထားလိုက်မယ်၊ စာမေးပွဲကာလမှာ RC2 ကို သွားဖို့ ကားခရရင် တော်ပါပြီဟယ်၊ အဆောင်က ထမင်းကိုပဲ ကြေးမများဘဲ စားရမှာပဲ၊ အိမ်ပြန် စရိတ်ကတော့ အမေ့ကို ဖုန်းဆက်ပြီး လှမ်းမှာရမှာပဲ"

mgyoe.com

mgyoe.com


"တစ်ဆယ်ကြီးတော့ မယူချင်ဘူးဟာ၊ ဒီလိုလုပ်၊ ငါ့ကို ငါးကျပ်ပေးထားလိုက်၊ နင် တစ်ဆယ် ယူထား၊ ငါလည်း ရန်ကုန်ထဲက အမျိုးတွေဆီ မနက်ဖြန်ကျ နည်းနည်းပါးပါး သွားဆွဲလိုက်မယ်၊ ပြီးရင် နင့်ကိုလည်း ပြန်မျှမှာပါဟ"

"ပြီးရော... မနက်ဖြန်ကျရင် နင် မြို့ထဲက ပြန်ရောက်ရင် အဆောင်ကို ညေ့ချိန်ကျ လာခဲ့၊ သိလား"

"အေး... ကောင်းတယ် ငြိမ်း၊ ငါ လာခဲ့မယ်"

"ဆက်ဆက် လာနော်၊ ငါသွားပြီ"

ကလျာငြိမ်း ညီညီဖေ့ကို နှုတ်ဆက်ပြီး ရတနာဆောင်ထဲသို့ ဝင်သွား၏။

ထိုည ရှစ်နာရီသတင်းတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ ဆူပူသောင်းကျန်း ဆန္ဒပြသောကြောင့် တက္ကသိုလ်များကို ယနေ့မှစ၍ ပိတ်လိုက်ကြောင်း၊ အဆောင်နေ ကျောင်းသား ကျောင်းသူအားလုံး အဆောင်မှ အမြန်ဆုံး ထွက်ခွာပေးရန် ကြေညာလေသည်။ ပိတ်တော့လည်း ပိတ်ပေါ့။ လက်ထဲ ပိုက်ဆံ မရှိတော့သည့် အတူတူ စာမေးပွဲရက်တွေကိုလည်း မဖြတ်သန်းချင်ပါ။ တစ်ရက် နှစ်ရက်လောက် အေးအေးဆေးဆေး နေပြီးမှ ကျိုက်ထိုကို ပြန်တော့မည်ဟု ဆုံးဖြတ်ကာ ကလျာငြိမ်း အိပ်ရာသို့ ဝင်လာခဲ့လေသည်။

နံနက်အစောကြီး အဆောင်ရှေ့မှာ ကားသံတွေ၊ လူသံတွေ ကြားသဖြင့် ကလျာငြိမ်း နိုးလာသည်။ စားပွဲတင် နာရီကို ကြည့်လိုက်တော့ နံနက် ၆ နာရီပဲ ရှိသေးသည်။ ကျောင်းပိတ်ရက် တနင်္ဂနွေ ဖြစ်သဖြင့် အားလုံး အိပ်နေကြသော အချိန်။ ထိုအချိန်တွင် အဆောင်အသီးသီးသို့ ကျောင်းအုပ်ချုပ်ရေး အာဏာပိုင်များ၊ ပညာရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ပါတီကောင်စီလူကြီးများ ဝင်ရောက်လာကြသည်။ ကျောင်းသူများ အားလုံးကို ဘုရားခန်းတွင် စုခိုင်းလိုက်ပြီး တိုက်ပုံနှင့် အရာရှိကြီးတစ်ဦးက ဤသို့ ဆို၏။

"နိုင်ငံတော်အကြီးအကဲတွေရဲ့ အထက်အမိန့်အရ သမီးတို့ အဆောင်ကနေ နေရပ်အသီးသီးကို အခုချက်ချင်း ပြန်ရပါမယ်၊ အဆောင်မှာ နေခွင့် မရှိတော့ပါဘူး၊ သမီးတို့ကို အဝတ်အစား သိမ်းဖို့ နာရီဝက် အချိန်ပေးပါမယ်၊ အခု အဆောင်ရှေ့မှာ ရပ်ထားတဲ့ ကားတွေနဲ့ ဆင်မလိုက် အဝေးပြေးဂိတ်၊ ရန်ကုန် ဘူတာကြီး၊ သင်္ဘောဆိပ် စတာတွေကို လိုက်ပို့ပါမယ်၊ နောက်ပြီး သမီးတို့

mgyoe.com

mgyee.com SAMPLE BOOK

သွားလာစရိတ်အဖြစ် တစ်ဦးကို ငွေ ငါးဆယ်ကျပ်စီ ထောက်ပံ့ပေးပါ့မယ်ကွယ်၊ ဝေးလံခေါင်ဖျား ဒေသတွေကို ပြန်ရမယ့် သူက အဆောင်မှူးဆီက ထောက်ခံစာ ယူလာရင် ကျန်တာ အဆင်ပြေအောင် အန်ကယ်တို့ စီစဉ်ပေးပါမယ်”

စကားဆုံးလျှင် ကျောင်းသူများ၏ တစ်ယောက်တစ်ပေါက် မေးမြန်းသံများမှာ ဆူညံပွက်သွားသည်။ သို့သော် မည်သူကမျှ သူတို့ မေးခွန်းတွေကို မဖြေတော့ပါ။ အဆောင်ရှေ့တွင်လည်း ဘယ်က ချောဆွဲလာမှန်း မသိသော ဘတ်စ်ကားများ တန်းစီပြီး ရပ်နေကြပါသည်။ နာရီဝက် ကြာတော့ သူတို့အားလုံး ကားပေါ် တက်ခဲ့ရသည်။ ညီညီဖေ့ကို နှုတ်ဆက်ချင်သော်လည်း နှုတ်ဆက်ခွင့် မရတော့ပြီ။ ရန်ကုန်တက္ကသိုလ် အတွင်းရှိ ရတနာ၊ အင်းလျား၊ မာလာ၊ သီရိ၊ ပြည်၊ ပုဂံ၊ တကောင်း၊ ရွှေဘို၊ ဒဂုံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ပဲခူး၊ သထုံ စသော ကျောင်းဆောင်အသီးသီး ရှေ့တွင်လည်း ဘတ်စ်ကားများ စီတန်းရပ်ထားကာ ကျောင်းသူ ကျောင်းသားများအား အဆောင်မှ အမြန်ဆုံး နှင်ထုတ်လျက် ရှိလေသည်။ အာဏာရှင် ဆိုသည်ကား သူ့ကို တုံ့ပြန် ဝေဖန်လာမည့် ပညာတတ် လူငယ်များကို အလွန် မုန်းတီးလေသည်တကား။

နံနက် ၉ နာရီ ကျော်ကျော်ခန့်တွင်တော့ တစ်ချိန်က အဆောင်သူ၊ အဆောင်သားများ၊ ပောကျူတာများ၊ ဝန်ထမ်းများ စည်ကား သိုက်မြိုက်ခဲ့သော တက္ကသိုလ်ကျောင်းဆောင် အားလုံးသည် တစပြင်သဖွယ် တိတ်ဆိတ် ငြိမ်သက်၍ ပြောင်လျက် ရှင်းလျက် ရှိပေသတည်း။

❖

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်မှာ နာရီပေါ်မှ အချိန်အားဖြင့် စက္ကန့်အနည်းငယ်မျှသာ ကြာမည် ဖြစ်သော်လည်း နှလုံးသားပေါ်မှ အချိန်အားဖြင့် ဘဝပေါင်းများစွာ ကြာသလို ထင်မိလေသည်။ အနည်းငယ် ဖြူစပြုနေသော ဆံစများကို သပ်သပ်ရပ်ရပ် အမည်းရောင် ဆိုးထားသည်။ ငယ်စဉ်ကလိုပင် ဖြစ်သော်လည်း ဆံပင်ရှည်ကုပ်ဝဲကို သပ်သပ်ရပ်ရပ် ဖြီးသင်ထားသည်။ ရင်ခတ်ငြိမ်း၏ အဝတ်အစားများကတော့ ဟိုးအရင်ကအတိုင်း ဂျင်းဘောင်းဘီ အပြာနှင့် တီရှပ် အနက်နှင့် ဟပ်ဖ်ရှူး အညိုရောင်နှင့် ကျောပိုးအိတ်

အသေး တစ်လုံးကို ပခုံးမှာ လွယ်ထားသည်။ သူ့အသွင်က ၄၆ နှစ်နှင့်မတူ၊ ၃၅ နှစ်လောက်သာ ရှိမည်ဟု ခန့်မှန်းရသည်။ တက္ကသိုလ်ရိပ်သာလမ်း ဖူဂျီဟောက်စ် ကော်ဖီဆိုင်ထဲသို့ ရင်ခတ်ငြိမ်း ရောက်ပြီး မကြာမီ ငြိမ်းစံ ရောက်လာသည်။

ငြိမ်းစံက BELOVE ဆိုသော စာတန်းပါသည့် အညိုရောင် ဘလောက်စ် အင်္ကျီ လေးနှင့် ဂျင်းစကပ်ကလေးနှင့် ရှိုးရှိုးလေး ဝတ်ထားပြီး သူ့ထုံးစံအတိုင်း အဝါရောင် လက်ကိုင်အိတ် တစ်လုံးကို စလွယ်သိုင်းပြီး လွယ်ထား၏။ ဆံပင်ကို တော့ ဘာမှ မစည်းမနှောင်ဘဲ ဘေးခွဲခွဲ၍ ကလစ်နှင့် ညှပ်ကာ ဒီအတိုင်းပဲ ဖားလျား ချထားသည်။ နားတွင်တော့ ပုလဲလုံးကလေး ပါသော ဖန်စီနားကပ် အရှည်တစ်ခု ကို ဆွဲထားရာ လမ်းလျှောက်လိုက်တိုင်း နားဆွဲသည် လှုပ်တုပ်လှုပ်တုပ် ဖြစ်နေ ၏။ သူ့အနီးသို့ ရောက်လာလျှင် ရင်ခတ်ငြိမ်းသည် ထိုင်ရာမှထ၍ ခရီးဦးကြိုပြီး ထိုင်ခုံတစ်ခု ဆွဲယူပေးလိုက်တော့ ငြိမ်းစံက ပြုံးပြသည်။ ဪ... တကယ်ကို တူတာပါလားဟု ရင်ခတ်ငြိမ်း တွေးနေမိသည်။ ရင်ကို ထိခတ်လွန်းသော ကလျာငြိမ်း ရဲ့ အပြုံး၊ အဓိပတိလမ်းမှာ၊ ဘွဲ့နှင်းသဘင်ရှေ့မှာ၊ RC2 က THEATRE တွေ နားက လှေကားထစ်တွေပေါ်မှာ၊ ကင်န်တီးန်မှာ အကြိမ်ကြိမ် တွေ့ခဲ့ရဖူးသော ကလျာငြိမ်း၏ အပြုံး သူ့အနားသို့ ပြန်ရောက်လာသလို ထင်ရသည်။

"မှာလေ ကလျာ... အဲ... ငြိမ်းစံ"

ငြိမ်းစံကို သူ့ပါးစပ်က ငြိမ်းစံဟု မထွက်ဘဲ ကလျာငြိမ်းဟုသာ ထွက်နေ သဖြင့် ငြိမ်းဟုပဲ ခေါ်တော့ရန် သူ့ဘာသာ ဆုံးဖြတ်လိုက်သည်။ အဖျားဆွတ် ခေါ်တာ ကောင်မလေး မကြိုက်လည်း မသိချင်ယောင် ဆောင်ကာ အရှူးကွက် နင်းလိုက်တော့မည်ဟု သူ ဆုံးဖြတ်လိုက်၏။

"မှာလေ ငြိမ်း၊ ဒီဆိုင်က စားစရာတွေ အများကြီးပဲ၊ ကြိုက်တာ မှာစား၊ ဦးညီ မနေ့က သီချင်းတစ်ပုဒ် ရောင်းရတယ်၊ ပိုက်ဆံ ထောလာတယ်၊ ကြိုက် သလောက်သာ စား၊ အဆောင်ပြန်ရင်လည်း ပါဆယ် ထုပ်ပြီး ယူသွားဦး"

ငြိမ်းစံသည် ဖူဂျီဟောက်စ် စားသောက်ဆိုင်မှ အတော် စုံလင်လှသော အရှေ့တိုင်းအစားအစာ၊ အနောက်တိုင်း အစားအစာ စာရင်းများကို ဓာတ်ပုံနှင့် ပြသထားသည့် မီနူးစာအုပ်အား စိမ်ပြေနပြေကြည့်ကာ နောက်ဆုံးတွင် အထူး ဆန်းဆုံး အရာတစ်ခုအား မှာလိုက်လေ၏။

"ဖက်ထုပ်ကြော် တစ်ပွဲ၊ ကော်ဖီ တစ်ခွက်"

mgyoe.com

m g y e e . c o m

ရင်ခတ်ငြိမ်း စိတ်ထဲက ပြုံးစိစိ ဖြစ်သွားသည်။ ကလျာငြိမ်းနှင့် တောင်ငူဆောင်ကန်တီးန်၊ သိပ္ပံကန်တီးန်၊ အီကို ကန်တီးန်၊ RC2 ကန်တီးန် ဘယ်ဆိုင်ပဲထိုင်ထိုင်၊ အမြဲတမ်း ဖက်ထုပ်ကြော် မှာစားတတ်တာကို သတိရမိ၍ ဖြစ်သည်။ တိုက်ဆိုင်တာတော့ တော်တော်များသည်ဟု သူ တွေးနေမိသည်။ ဒီတစ်ခါတော့ သူ့အတွေးကို စိုးမိုးလွှမ်းသူ ကောင်မလေး ငြိမ်းစံကို ကိုခိုင်တိုး၏ အကြံပေးချက်အရ ပထမဆုံးအကြိမ် နှစ်ယောက်တည်း တွေ့ဖြစ်ခြင်း ဖြစ်သည်။

"ဆောရီးနော်... နည်းနည်း နောက်ကျသွားတယ်၊ အဆောင်က ထွက်လာပြီးမှ ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ အဓိပတိလမ်း ဂိတ်ပေါက်ဝ ရောက်မှ ပြန်ပြီး သွားယူနေရလို့"

ငြိမ်းစံ စကားပြောသော လေသံမှာ တစ်မျိုးလေး ဖြစ်သည်။ ထားဝယ်မှ လူများ စကားပြောသလိုလည်း အရမ်း စကားမဝဲ၊ ရန်ကုန်၊ မန္တလေးမှ လူများ ပြောသလိုလည်း အရမ်း ပီပီသသ မဟုတ်။ နားထောင်ကောင်းရုံ ဝဲခြင်း ဖြစ်သည်။ သူတို့မြိတ်က လူတွေ အချင်းချင်း တွေ့ရင်တော့ မြန်မာများ နားမလည်လောက်အောင် ဖြစ်ရသည်။ ဒေသိယ အသုံးအနှုန်းတွေကလည်း များမှ များ။ အခေါ်အဝေါ်တွေကလည်း ဆန်းပြားသည်။ သို့သော် ယခင်ကလည်း ကလျာငြိမ်းသည် မွန်သွေးအနည်းငယ် ပါသဖြင့် စကားပြောလျှင် တိုင်းရင်းသားလေသံ ပါတာပဲ ဖြစ်သည်။ သူ တစ်ခု စဉ်းစား၍ မရ။ ကျိုက်ထိုမှ လူသည် အဘယ်ကဲ့သို့ မြိတ်သို့ ရောက်သွားရသနည်း။ အဘယ်ကြောင့် နှစ်တွေ ကြားမှာ ခံနေရသနည်း။ အင်းလေ... အီဂျစ်က လူတောင် အင်္ဂလန်မှာ လူလာဖြစ်သေးသည်ဟု ဆိုသည် မဟုတ်ပါလား။ လူသည် သေလျှင် ပြတ်သည်ဟု သူ ယူဆထားရာ သူ့ရှေ့တွင် ရောက်နေသော ဤကောင်မလေးသည် ဘယ်က ဘယ်လို ရောက်လာသနည်း။

"ကျွန်မ မေးဦးမယ်"

ဟိုက်၊ သူက မေးခွန်းတွေ မေးမည်ဟု အကြံထုတ်ပြီး ဤနေရာသို့ ချိန်းလိုက်ရာ တွေ့တွေ့ချင်း စတင် မေးမြန်းသူက သူ မဟုတ်ဘဲ ကောင်မလေး ဖြစ်နေသည်။ သူက စီးကရက်တစ်လိပ်ကို ဘူးထဲမှ ထုတ်ယူလိုက်ပြီးမှ ကောင်မလေး ငြိမ်းစိုက်ကြည့်နေသဖြင့် လုပ်မိလုပ်ရာဆေးလိပ်ကို ဘူးထဲပြန်ထည့်လိုက်သည်။

"မေးလေ ငြိမ်း"

"ကိုညီညီဇော် (အဲလေ) ဦးဇော် နာမည်ကလေး၊ ညီညီဇော် (RASU) ကနေ ဘယ်တုန်းက ဘယ်လို ရင်ခတ်ငြိမ်းလို့ ပြောင်းလိုက်တာလဲ သိချင်လို့ပါ"

m g y e e . c o m

mgyoe.com

SAMPLE BOOK


"ဩော်... ဒါလား၊ ဟုတ်တယ်၊ ဦးညီ နာမည်က အရင်က ညီညီဇော်၊ (RASU)၊ RASU ဆိုတာကတော့ ငြိမ်းတို့လည်း သိမှာပါ၊ အရင်က ရန်ကုန်တက္ကသိုလ်ကို ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်လို့ ခေါ်တယ်၊ အင်္ဂလိပ်လိုတော့ Rangoon Arts and Sciences University လို့ ခေါ်တယ်၊ အတိုကောက်ကတော့ R.A.S.U ပေါ့၊ အဆိုတော်ကိုင်ဇာတို့ ဘာတို့တောင် ရာဇူးက မမ ဆိုပြီး သီချင်းတွေ ဆိုခဲ့သေးတယ်၊ စာရေးဆရာမကြီး ကလျာ (ဝိဇ္ဇာ/သိပ္ပံ) ရဲ့ ကလောင်နာမည်က နောက်ဆက်တွဲ ဝိဇ္ဇာ/သိပ္ပံ ဆိုတာကလည်း ဒီရန်ကုန် ဝိဇ္ဇာနဲ့ သိပ္ပံ တက္ကသိုလ်ကျောင်းတော်ကြီးကို ဆိုလိုတာပါပဲ၊ အဲဒါကြောင့် ဦးညီ သီချင်းရေးတော့ နာမည်ရင်း ညီညီဇော် နောက်မှာ ကိုယ် တက်နေတဲ့ ရန်ကုန်တက္ကသိုလ် နာမည်ပါအောင် (R.A.S.U) လို့ နောက်က ထည့်ခဲ့တာ၊ အဲဒီနာမည်နဲ့ သီချင်း အပုဒ် ၂၀ လောက် ရေးခဲ့တယ်၊ အတော်အသင့်လည်း နာမည်ရခဲ့တယ်၊ ဦးညီသီချင်းကို အဲဒီတုန်းက ခိုင်ထူးတို့၊ မွန်းအောင်တို့၊ ဗစ်တာခင်ညိုတို့ ဆိုခဲ့ကြတယ်၊ နောက်တော့..."

"နောက်တော့ ဘာဖြစ်သွားလဲ ဟင်"

"ဦးညီ ချစ်သူ ဆုံးသွားတယ်၊ သူ ဆုံးသွားတော့ ဦးညီအတွက် ကမ္ဘာပျက်တာပါပဲ၊ ပညာရေး ဆိုတာလည်း စိတ်မပါတော့ဘူး၊ အနုပညာအလုပ်ကိုလည်း ဆက်မလုပ်ဖြစ်တော့ဘဲ စိတ်လေနေတော့တယ်၊ နောက်ဆုံးတော့ သူငယ်ချင်းတွေကလည်းပြန်ပြီးအားပေးတိုက်တွန်းတာရယ်၊ ကျောင်းထားရတဲ့ မိဘတွေကို အားနာတာရယ်ကြောင့် ဘွဲ့ရတဲ့အထိ ကျောင်း ဆက်တက်ဖြစ်တယ်၊ ဘွဲ့ရပြီးမှ ဂီတလောကကို ပြန်ဝင်ခဲ့တယ်၊ အဲဒီမှာ စိတ်သစ်လူသစ်အဖြစ် နာမည်ပြောင်းလိုက်တယ်၊ ဦးညီ ချစ်သူနာမည်က ကလျာငြိမ်းတဲ့၊ သူ့ကို ဦးညီက ငြိမ်းလို့ ခေါ်တယ်၊ ဦးညီ သူ့ကို အရမ်းချစ်တယ်၊ သူ မရှိတော့ ကိုယ့်ကိုယ်ကိုယ် သတိသေမလို့တောင် စဉ်းစားသေးတယ်၊ ဒါပေမဲ့ ဘာကြောင့်မှန်း မသိဘူး၊ အကြိမ်ကြိမ် ကြံစည်ပေမယ့် အဲဒီလို မလုပ်ဖြစ်ခဲ့ဘူး၊ ဒါပေမဲ့ ငြိမ်းဆိုတဲ့ နာမည်ဟာ ဦးညီ နှလုံးသားထဲမှာ အကြိမ်ကြိမ် ဆွဲငင် လှုပ်ခတ်နေတယ်၊ ငြိမ်းဟာ ကိုယ့်နှလုံးသားထဲမှာ အမြဲ လှုပ်လှုပ်ခတ်ခတ် ရှိနေပါတယ် ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရင်ခတ်ငြိမ်း ဆိုတဲ့ အမည်နဲ့ တေးရေးဆရာ ဘဝကို တကြော့ပြန် ဝင်မိတယ်၊ အဲဒီမှာ ပရိသတ်လက်ခံပြီး အောင်မြင်တဲ့ တေးရေးဆရာတစ်ယောက် ဘဝကို ရောက်ရတာပါပဲ၊ ဒါပေမဲ့ ဦးရဲ့ အောင်မြင်မှုကို ကလျာငြိမ်း မြင်မသွားလိုက်ရတာ တကယ် ဝမ်းနည်းတယ်"

mgyoe.com

mgype.com SAMPLE BOOK

ရင်ခတ်ငြိမ်းသည် စကားပြောရင်း မျက်ဝန်းတွင် မျက်ရည်များဖြင့် စိုထိုင်းလာလေသည်။ ခေတ္တမျှ ကြာသောအခါတွင်တော့ သူ အခိုက်အတန့်မျှ ဟန်ဆောင်ရန် ပျက်ကွက်ပြီး မျက်ရည်ကျမလို ဖြစ်နေရခြင်းကို သတိထားမိသွားပြီး ချက်ချင်း ဣန္ဒြေဆည်လိုက်သည်။

"အဲဒါတွေက ပြီးသွားပါပြီ ငြိမ်းရယ်၊ ငြိမ်းရော ငြိမ်းစံ ဆိုတဲ့ နာမည်ကို ဘယ်လို ရတာလဲ၊ မိဘတွေ မှည့်တဲ့ နာမည်လား၊ ကြီးလာမှ ကိုယ့်ဘာသာ ပြောင်းလိုက်တဲ့ နာမည်လား"

"မပြီးသေးဘူး ဆိုရင်ကော ဦးဇော်"

"ဟင်... မင်း ဘာကို ဆိုလိုတာလဲ"

ငြိမ်းစံက ရုတ်တရက် ဦးဇော်ဟု ခေါ်လိုက်သဖြင့် သူ လန့်သွားသည်။ လူရင်းအချို့က သူ့ကို ကိုညီဟု လည်းကောင်း၊ ဦးညီဟုလည်းကောင်း ခေါ်ကြပြီး ပရိသတ်အများစုက ရင်ခတ်ငြိမ်းဟု လည်းကောင်း၊ ကိုကြီးငြိမ်းဟု လည်းကောင်း ခေါ်တတ်ကြသည်။ သို့သော် မည်သူမျှ သူ့ကို ဦးဇော်ဟု မခေါ်ပါ။ ကိုဇော်ဟု ခေါ်သူ တစ်ယောက်တော့ သူ့ဘဝမှာ ရှိခဲ့ပါသည်။

"တချို့ဇာတ်လမ်းတွေဟာ ပြီးပြီ ထင်ပေမယ့် မပြီးသေးဘူးတဲ့၊ အချို့ဇာတ်လမ်းတွေကတော့ မပြီးသေးဘူး ထင်ရပေမယ့် စကတည်းက ပြီးနေပြီတဲ့ ဦးဇော်ရဲ့၊ အိပ်ချင်ယောင်ဆောင်တဲ့ သူကို အနှိုးရ ခက်တယ် တဲ့"

"ဘာကို ဆိုလိုတာလဲ ငြိမ်း"

"အင်းလေ...အခု နားမလည်လည်း နောက်တော့ ဦးဇော် နားလည်လာမှာပါ"

"ဟုတ်... ဒါနဲ့ ဦးညီ ကျောင်းနေဖက် သူငယ်ချင်း နှစ်ယောက်လေ၊ သူတို့က ဒီဘက်ကို လာရင်း ခဏဝင်ပြီး ကော်ဖီသောက်ချင်လို့တဲ့၊ အဲဒါ ငြိမ်းစံ အနှောင့် အယှက် မဖြစ်ရင် ခေါ်လိုက်ပါရစေ၊ မိနစ်ကလေးတွေပါ၊ ပြီးတော့ ဦးညီ အဲလေ... ဦးဇော် ဒကာခံမှာပါ"

"ရပါတယ် ဘာမှ မဖြစ်ဘူး၊ ခေါ်လိုက်လေ"

"ဟုတ် ဟုတ်၊ အဲဒါဆို ခဏနော်၊ ဦးညီ ဖုန်းပြန်ခေါ်လိုက်ဦးမယ်"

ထိုအချိန်တွင် ဖူဂျီဟောက်စ်နှင့် မဝေးလှသော မြန်မာပလာဇာတွင် ရင်ခတ်ငြိမ်း၏ ကျောင်းနေဖက် သူငယ်ချင်း နှင်းနှင်းလှိုင်နှင့် မိုးမြတ်မြတ်မိုး

mgype.com

mgyoe.com

SAMPLE BOOK


တို့ ကားရပ်၍ အသင့် စောင့်နေကြ၏။ သူတို့ ကြိုတင် စည်းဝါးရိုက်ထားကြပြီး ဖြစ်သည်။ နှင်းနှင်းလှိုင်ရော၊ မိုးမြတ်မြတ်မိုးရော I.R မေဂျာမှ ရင်ခတ်ငြိမ်း သူငယ်ချင်းများ ဖြစ်သည်။ သူတို့သည် ကလျာငြိမ်းကို ကောင်းကောင်း သိမီ လိုက်ရုံမက ကလျာငြိမ်း၏ ကျောင်းနေဖက် အတန်းဖော်များ ဖြစ်သည်။

"ဟဲ့ M4 နဲ့ H3 လာလို့ ရပြီ၊ ငါ ပြောထားသလိုပဲနော်၊ မသိမသာပဲ အကဲခတ်နော်၊ ကောင်မလေးက ငါနဲ့ ခုမှ စတွေ့ဖူးတာ နော်"

"အမယ်လေး... ညီညီဖော်ရယ်၊ နင်က ငါတို့ကို မိချောင်းမင်း ရေကင်း ပြမနေပါနဲ့၊ ကလျာငြိမ်းသာ သေချာပါစေ၊ ငါတို့ မသိနိုင်တာ လုံးဝ မရှိစေရဘူး၊ လိမ်ရင်လည်း တန်းပေါ်မှာပဲ၊ ဒါပေမဲ့ လိမ်နေတယ်လို့ ငါ အရှက်မခွဲပါဘူး၊ ပြီးမှ နင့်ကို ပြန်ပြောပြမှာပေါ့"

ခဏကြာသောအခါ M4 ဟု သူငယ်ချင်းများက ခေါ်သော မိုးမြတ်မြတ်မိုး နှင့် H3 ဟု သူတို့စနောက်ကာ အမည်ပြောင်းပေးထားသော နှင်းနှင်းလှိုင်တို့သည် လမ်းကြုံရင်း ဘရိတ်ဖတ်စ် စားရန် လိုလို ဘာလိုလိုနှင့် ဖူဂျီဟောက်စ် စားသောက် ဆိုင်ထဲသို့ ဝင်လာလေသည်။ ရောက်ရောက်ချင်း ဘာစကားမှ မပြောဘဲ အားလုံး တိတ်ဆိတ်နေသည်။ ဘယ်လိုပင် ဟန်ဆောင်နေသော်လည်း ဤပွဲသည် ကော်ဖီ သောက်ဖို့သက်သက် မဟုတ်မှန်း ငြိမ်းစံ သိနေသည်။ ငြိမ်းစံ သိနေသည်ကို နှင်းနှင်းလှိုင်နှင့် မိုးမြတ်မြတ်မိုးကလည်း ရိပ်မိနေသည်။ ငြိမ်းစံသည် သူတို့ နှစ်ယောက်ကို ရုတ်တရက် မမှတ်မိ။ သို့သော် စိုက်ကြည့်နေရင်းနှင့်–

"ဘယ်သူများလဲလို့ မိုးနဲ့ နှင်းပဲ၊ နင်တို့ ဝနေကြတယ်"

ဟု အရင်းမရှိ အဖျားမရှိ ပြောလိုက်လေသည်။

တူမအရွယ် ကလေးတစ်ယောက်က အဒေါ်အရွယ် အမျိုးသမီးများကို နင်ဟု ရင်းရင်းနှီးနှီး ပြောလိုက်သဖြင့် နှင်းနှင်းလှိုင်နှင့် မိုးမြတ်မြတ်မိုး အံ့သြ တုန်လှုပ်သွားကြသည်။

"အမယ်... နင်က ငါတို့ကို သိလို့လား"

"ဘာလို့ မသိရမှာလဲ၊ နင်က မိုးမြတ်မြတ်မိုး၊ နင်က နှင်းနှင်းလှိုင်၊ နင်တို့ နှစ်ယောက်က ငါ့ထက် တစ်တန်းကြီးတယ်၊ နောက်မှ နင်တို့ စာမေးပွဲ တစ်နှစ် ကျတော့ အတန်းတူသွားတာ"

"ဒါဆို ညည်းက ဘယ်သူလဲ အေ့"

mgyoe.com

m g y o e . c o m
SAMPLE BOOK

ထိုစကားကို ငြိမ်းစံက မဖြေပေ။ ကိုဇော်ကို မေးကြည့် ဆိုသော ပုံစံမျိုးဖြင့် ညီညီဇော့်ကို ပြုံးပြီး ပြန်ကြည့်နေသည်။

"ကဲပါအေ... ညည်း ဘယ်သူဖြစ်ဖြစ်ပါ၊ ငါတို့ကို သိတယ် ဆိုတော့ တော်တော်တော့ ထူးဆန်းတယ်၊ ဘယ်တုန်းက သိတာလဲ၊ ဘယ်မှာ သိတာလဲ"

"ကျောင်းမှာ သိတာပေါ့၊ ကျောင်းနေတုန်းက သိတာ"

"ကျောင်းအတူတူ နေခဲ့တာလား"

"ဟုတ်တယ်"

"သူ့ကိုကော သိလား"

နှင်းနှင်းလှိုင်က ညီညီဇော့်ကို မေးငေါ့ပြသည်။ ငြိမ်းစံက ခေါင်းညိတ်ပြသည်။

"နှင် အားလုံးကို သိတာလား"

"တချို့ဟာတွေ သိတယ်၊ တချို့ဟာတွေ မမှတ်မိဘူး"

"နှင်ကလည်းဟယ် ကလျာငြိမ်းရယ်၊ မှတ်မိစရာရှားလို့ ငါတို့နှစ်ယောက် စာမေးပွဲကျတာမှ မှတ်မိရသလားဟဲ့၊ ဒီ့ပြင်ဟာ မှတ်မိပါတော့လား၊ နောက် ငါ့အကြောင်း နှင် ဘာသိသေးလဲ"

ငြိမ်းစံက မိုးမြတ်မြတ်မိုးကို ကြည့်ကာ ပြုံးသည်။ တော်တော် သဘောကျစရာ တစ်ခုကို သတိရမိသည့်သဖွယ် ဖြစ်သည်။

"နှင်နဲ့ စီစီဝင်းနဲ့ လမ်းဘေးမှာ ငွေတစ်ကျပ်လောက် ပေးပါလို့ သူများဆီက လက်ဖြန့်တောင်းဖူးတယ်"

"ဟယ်၊ ဟင်၊ ဟာ"

ဟု ညီညီဇော်၊ နှင်းနှင်းလှိုင်နှင့် မိုးမြတ်မြတ်မိုးတို့ ပါးစပ်မှ အာမေဍိတ်သံများ ထွက်သွားကြသည်။ နှင်းနှင်းလှိုင်က မိုးမြတ်မြတ်မိုးကို ကြည့်ကာ –

"ဟယ်... ဒီကိစ္စ ငါတောင် မသိရပါလား၊ ဟုတ်လား... မိုး၊ ပြောစမ်း တကယ်ကြီးလား"

"နှင်တို့ကလည်းဟာ... ငါက ရှက်လို့ ဘယ်သူ့မှ ပြောမပြတာ၊ ဒီကောင်မလေးက ပြန်အစဖော်တယ်၊ ဒီလိုဟ ဖြစ်ပုံက..."

ဟု အစချီ၍ မိုးမြတ်မြတ်မိုးသည် အတိတ်ဇာတ်ကြောင်းကို ဆောင်လေ၏။

mgbooe.com


"ငါနဲ့ စီလေ (စီစီဝင်းကို ဆိုလိုသည်) တစ်နေ့တော့ ရန်ကုန်မြို့ထဲကို သွားရောဟ၊ သွားရင်းနဲ့ ကားကလည်း ကျပ်လိုက်တာဟာ၊ မြို့ထဲက အပြန် တစ်နေရာ ဝင်ကြသေးတော့ ကားက အပြန်မှာ နှစ်ဆင့် စီးရမှာဟ၊ အဲဒါ တစ်ဆင့် စီးပြီးလို့ မြေနီကုန်း မှတ်တိုင်မှာလည်း ဆင်းလိုက်ရော ငါတို့ ပိုက်ဆံတွေ ခါးပိုက်နှိုက် ခံရပါလေရော၊ ငါ့ပိုက်ဆံအိတ် သေးသေးလေးကို ကားကြပ်လို့ စီ့ ဆလင်းဘက်အိတ်ထဲမှာ ထည့်ထားတာ အေ၊ နှစ်ယောက်စလုံး ပိုက်ဆံအိတ်တွေ ပါသွားပါလေရော၊ ငါတို့က RC2 ကျောင်းထဲကို သွားရမှာ ကတ်သီးကတ်သတ်အေ၊ ကားခ တစ်ကြောင်းစာ ပေးစရာ မရှိတော့ဘူး၊ ပိုက်ဆံမပါဘူး ပြောစီးရင်လည်း အောက်ကျဦးမယ်၊ စပယ်ယာတွေက အရမ်း မိုက်ရိုင်းတာ၊ တော်ကြာ ကားပေါ်က မောင်းချလို့ အရှက်ကွဲနေမယ်ပေါ့ဟာ၊ လိုတာက ငွေတစ်ကျပ်ပဲ လိုတာ၊ နှစ်ယောက်ပေါင်း တစ်ကျပ်ပဲ၊ ငါတို့က ဝတ်စားထားတာလည်း တက္ကသိုလ် ကျောင်းသူတွေ ဆိုတော့ ပါတိတ်ဝမ်းဆက်တွေ၊ ဇာတွေနဲ့ လန်ပျံနေတာပေါ့ဟာ၊ အမိုက်စားဒီဇိုင်းတွေပေါ့၊ သိတယ်မို့လား၊ ထဘီတိုတိုဖက်ရှင်ပေါ့၊ နောက်ဆုံး တော့ ငွေတစ်ကျပ် ရအောင် တောင်းကြဖို့ စီစီဝင်းက အကြံပြုတယ်၊ ငါလည်း မတောင်းရဲဘူးပေါ့ဟာ၊ သူက သတ္တိကောင်းတယ်၊ လမ်းဘေးမုန့်ခါးဆိုင် တစ်ဆိုင် ကို သွားတယ်ဟ၊ သူက မုန့်စားနေတဲ့ သူတွေကို သေသေချာချာ လျှောက်ကြည့် ပြီးမှ သဘောကောင်းပုံရတဲ့ အမျိုးသမီးတစ်ယောက်ကို လက်တို့ပြီးတော့ တောင်းတာဟ၊ လက်ကတော့ တို့လိုက်တာပဲ ဟိုကလှည့်ကြည့်တော့ စီစီဝင်း လည်း ဆက်မပြောရဲဘဲ အကြာကြီး တစ်ဆို့နေသေးတာဟ၊ ဟိုက ဘာလဲ ညီမ ဆိုပြီး မေးတော့မှ လက်ညှိုးလေး တစ်ချောင်းထောင်ပြပြီး တစ်ကျပ်လောက် ပေးပါလား၊ ကားခ မရှိလို့ လို့ တိုးတိုးလေး ပြောတာ၊ မုန့်ဟင်းခါးစားနေတဲ့ အမျိုးသမီးက ပထမတော့ တော်တော် အံ့ဩသွားပုံပဲ၊ ငါကလည်း စီ့နောက်မှာ ကုပ်ကုပ်ကလေး ရပ်လို့ပေါ့ဟာ၊ နောက်တော့ အခြေအနေကို သဘောပေါက် သွားပုံ ရတယ်၊ ငါးကျပ်တန် တစ်ရွက် ထုတ်ပေးတယ်၊ စီက ရတယ် အစ်မ၊ တစ်ကျပ်ဆို ရပြီလို့ ပြောတော့ အံ့ဩပြီး ကျပ်တန်တစ်ရွက် ပေးတယ်၊ ငါတို့ နှစ်ယောက်လည်း ဝမ်းသာအားရနဲ့ အဲဒီပိုက်ဆံနဲ့ ကားစီးပြီး လှိုင်တက္ကသိုလ် အထိ ရောက်အောင် လာပြီး စာသင်ဆောင်ကို ရောက်မှအေ ဖြစ်ခဲ့တာ ပြန်ပြန်

mgbooe.com

m g y o e . c o m  SAMPLE BOOK 

တွေးပြီး ရယ်လိုက်ရတာ အူနှိပ်နေတာပဲ၊ အဲဒီတုန်းက ကန်တီးန်မှာ ငါတို့ပြောပြတော့ အဲဒီအကြောင်းကို အတူထိုင်နေတဲ့ လေးငါးယောက်တော့ ကြားကုန်တာပေ့ါ၊ ဘယ်သူ့မှ လျှောက်မပြောဖို့ မှာထားလို့ နင်တို့ မသိတာ၊ ခုတော့ အရှက်ကွဲပါပြီ၊ အဟီး"

ထိုအခါ နှင်းနှင်းလှိုင်က–

"အေးဟယ်... နင်ကလည်း ပြောလိုက်ရင် ငါတို့ အရှက်ကွဲမယ့် ကိစ္စတွေချည်းပဲ မှတ်မိလိုက်တာ လွန်ပါရော၊ ကဲ... ဒါနဲ့ ငါတို့ ပြောမယ်၊ ကလျာငြိမ်းကို စီစီဝင်းက ပိုက်ဆံ ၁၅ ကျပ် ပေးဖူးတယ်၊ အဲဒါ ဘာဖြစ်လို့ ပေးတာလဲ သမီး၊ အဲလေ... နင် မှတ်မိလား"

"မှတ်မိတယ်လေ၊ ငွေစက္ကူတွေ တရားမဝင် ကြေညာတော့ ကျွန်မလက်ထဲမှာ သုံးစရာ မရှိတော့လို့ စီစီက သူ လဲထားတဲ့ ပိုက်ဆံ အကောင်းတွေထဲက ကျွန်မကို ဆယ့်ငါးကျပ် ကူညီတာ"

"ကောင်းတယ် သိပ်ကောင်းတယ်၊ နင် ကလျာပါပဲ ငါ ယုံပါပြီ၊ ဒါနဲ့ ငါတို့ IR ပါမောက္ခကြီးရဲ့ နာမည်က ဘယ်သူလဲ"

"ဒေါက်တာထိန်ဝင်းလေ၊ အရပ်က ရှည်ရှည် ထောင်ထောင်မောင်းမောင်း"

မိုးမြတ်မြတ်မိုးက ငြိမ်းစံကို လက်ဆွဲ နှုတ်ဆက်သည်။ နှင်းနှင်းလှိုင်က အလေးပြုသည်။

"တော်ပြီ ညီညီဖော်၊ ဘာမှ ဆက်မေးမနေနဲ့တော့၊ ဒါ ကလျာငြိမ်း ပြန်ရောက်လာတာပဲ"

"ကျွန်မကတော့ ဒုတိယ ကလျာငြိမ်း မဖြစ်ချင်ဘူး"

ငြိမ်းစံ စကားကြောင့် အားလုံး အံ့သြသွားကြသည်၊ သူက ဆက်ပြောသည်။

"ကျွန်မက ကျွန်မပဲ ဖြစ်ချင်တယ်၊ ဒီကို လာတာ၊ ဦးဖော်နဲ့ လာတွေ့တာလည်း ကလျာငြိမ်းအဖြစ် လာတာ မဟုတ်ဘူး၊ ငြိမ်းစံအဖြစ်ပဲ လာခဲ့တာ၊ ဟိုအတိတ်က လူတစ်ယောက်အဖြစ် ကျွန်မကို ခင်တွယ်တာ သံယောဇဉ်ထားတာ မလိုချင်ဘူး၊ အဲဒီတော့ ကျွန်မကို ငြိမ်းစံအဖြစ်နဲ့ အသိအမှတ်ပြုရင် ကျွန်မဆက်ပြီး ခင်မင်မယ်၊ မပြီးဆုံးသေးတဲ့ ကလျာနဲ့ ဇာတ်လမ်း အဆက်လိုမျိုး ဆိုရင်တော့ နောက်ကို ကျွန်မကို မဆက်သွယ်ပါနဲ့၊ ဟိုဘက်က ဘဝကို ကျွန်မ ပြည်ဖုံးကား ချလိုက်ပြီ၊ ခွင့်ပြုပါ"

m g y o e . c o m

mgyoe.com


ပြောပြောဆိုဆို ငြိမ်းစံသည် ဆတ်ခနဲ ထကာ ဆိုင်ထဲမှ ထွက်သွားလေသည်။

"ဟေ့… ဟေ့… ငြိမ်းစံ နေဦး၊ ဦးညီ ကားနဲ့ လိုက်ပို့မယ်လေ"

"ရတယ်၊ တက္ကစီနဲ့ပဲ ပြန်တော့မယ်"

ဟု ပြောပြောဆိုဆို ကားတစ်စီးကို လက်ပြတားကာ တက်စီးသွားတော့သည်။

"တော်တော် စိတ်မြန်တဲ့ ကောင်မလေး" ဟု နှင်းနှင်းလှိုင်က ပြောလိုက်လျှင် "အဲဒါ ကလျာငြိမ်းရဲ့ စိတ်အစစ်ပဲ" ဟု မိုးမြတ်မြတ်မိုးက ပြောလိုက်လေသတည်း။

❖

ငြိမ်းစံ ထွက်သွားပြီးနောက် နှင်းနှင်းလှိုင်နှင့် မိုးမြတ်မြတ်မိုးက ရင်ခတ်ငြိမ်းကို အကြံတစ်ခု ပေးသည်။

"ဟဲ့… စိတ်ပြေလက်ပျောက်ပဲဖြစ်ဖြစ်၊ နင် သိချင်တာတွေ မေးဖို့ပဲဖြစ်ဖြစ် ငါတို့နဲ့ လိုက်ခဲ့ပါလား၊ မင်းကွန်းတိပိဋက ကျောင်းတိုက်မှာ ပိဋကတ်နှစ်ပုံခွဲ အောင်ထားတဲ့ ကိုယ်တော်လေးတစ်ပါး သိပ်ကြည်ညိုဖို့ ကောင်းတယ်၊ သဘောလည်း တကယ် ကောင်းတယ်"

"ငါက ဘာလိုက်လုပ်ရမှာလဲ"

"နင် သိချင်တာတွေ မေးပေါ့ဟ၊ နင့်ရင်ထဲမှာ မရှင်းလင်းတဲ့ အကြောင်းတွေ"

"ငါက ဗုဒ္ဓဘာသာဝင် မဟုတ်တော့ ဆရာတော်က ဖြေပါ့မလား"

"ရတယ်၊ နင့်ဘာသာ ဘာဘာသာဝင်ပဲ ဖြစ်ဖြစ်၊ ဘာသာမဲ့ပဲဖြစ်ဖြစ်၊ free thinker ပဲ ဖြစ်ဖြစ် မေးလို့ ရတယ်၊ လျှောက်ထားလို့ ရတယ်၊ ဘုန်းဘုန်းအမြဲပြောတာက ဘယ်ဘာသာဝင်ပဲ စားစား သကြားဆိုတာ ချိုမှာပဲတဲ့၊ ဘာသာတစ်ခုအတွက်ပဲ ချိုပြီး အခြားဘာသာ တစ်ခုအတွက် မချိုတဲ့ သကြား ဆိုတာ မရှိပါဘူးတဲ့၊ လောကရဲ့ အမှန်တရားဟာ အားလုံးအတွက်ပါတဲ့"

ထိုသို့ဖြင့် ရင်ခတ်ငြိမ်းသည် သူငယ်ချင်းနှစ်ယောက် ကောင်းမှုဖြင့် လွန်စွာ အသက်ငယ်သေး၍ လွန်စွာမှ ကြည်ညိုဖွယ်ရာ အသွင်ကို ဆောင်သော ဗုဒ္ဓဘာသာ ရဟန်းပျိုတစ်ပါးနှင့် တွေ့ဆုံခွင့် ရခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာတော်က သူ့ကို ဦးမချလိုက ဦးမချဘဲ နေနိုင်ကြောင်း၊ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး လျှောက်ထား ဆွေးနွေးနိုင်ကြောင်း မိန့်ကြားတော့ ရင်ခတ်ငြိမ်း အတော်အသင့်စိတ်သက်သာရာ ရသွားသည်၊ အချို့သော ဘုန်းတော်ကြီးများကား သူ့ကို မိစ္ဆာဒိဋ္ဌိ ဆိုပြီး မောင်းထုတ်တာ၊ စကားဆက်မပြောတော့တာ မကြာခဏ ကြုံဖူးသည်။ ယခုတစ်ခေါက် ဖူးတွေ့ရသော ကိုယ်တော်လေးကား အင်မတန်မှ သဘောထားကြီးကာ အလွန် နူးညံ့သိမ်မွေ့သဖြင့် ရင်ခတ်ငြိမ်း သဘောကျသွားသည်။ ထို့ကြောင့် ရဲရဲဝံ့ဝံ့ပင် သူ သိလိုသည်များကို မေးမြန်းလျှောက်ထားလေသည်။

"လူတွေမှာ အတိတ်ဘဝ ရှိပါသလား ဘုရား"

"ဒကာ လူတိုင်းသာမက လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတိုင်းမှာ အတိတ်ဘဝ ဆိုတာ ရှိတယ်၊ မသိမှု အဝိဇ္ဇာကြောင့် ဘဝတွေ ဆက်ကာဆက်ကာ ဖြစ်ကြရတယ်၊ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်တဲ့ အခါကျမှပဲ ဘဝအသစ် တစ်ဖန်ပြန်ဖြစ်မှု ရပ်စဲတယ်၊ ဒါကို သံသရာက ထွက်မြောက်တယ်လို့ ခေါ်တယ်"

"လူဟာ သေရင် ဘယ်ဘဝကို ရောက်တာလဲ ဘုရား"

"လူပဲ သေသေ၊ နတ်ပဲ နတ်သက်ကြွေကြွေ၊ တိရစ္ဆာန်ပဲ သေသေ လားရောက်ရတဲ့ ဘုံဘဝက ၃၁ ဘုံ ရှိတယ်၊ အတိုချုပ်အားဖြင့် တူရာတူရာ စုလိုက်ရင် သတ္တဝါတွေ ကွယ်လွန်အနိစ္စ ရောက်တဲ့အခါ လားရောက်နိုင်တဲ့ ဘုံဌာန (ဝါ) ဂတိငါးပါး ရှိတယ်၊ အဲဒါတွေကတော့–

၁။ ဒေဝဂတိ– နတ်ပြည် ဒါမှမဟုတ် ဗြဟ္မာ့ပြည်သို့ လားရောက်ခြင်း၊

၂။ မနုဿဂတိ – လူ့ပြည်မှာ တစ်ဖန် ပဋိသန္ဓေ နေရခြင်း၊

၃။ ပေတဂတိ – ပြိတ္တာဘဝ၊ အသူရကာယ်ဘဝ တစ်ခုခုမှာ ဖြစ်ရခြင်း၊

၄။ တိရစ္ဆနဂတိ– တိရစ္ဆာန်ဘဝသို့ ကျရောက်ခြင်း၊

၅။ နိရယဂတိ– ငရဲပြည်သို့ သွားရောက်ရခြင်း တွေပဲ ဒကာကြီး"

"တပည့်တော် ကောင်မလေးက အတိတ်ဘဝက ဖြစ်ရပ်တွေကို မှတ်မိနေတယ် ဘုရား၊ အဲဒါ အဓိပ္ပာယ် မရှိဘူးလို့ တပည့်တော်က ထင်နေတယ်၊ အရှင်ဘုရားကော ဘယ်လို ယူဆပါသလဲ၊ လူတွေဟာ အတိတ်ဘဝကို မှတ်မိနိုင်ပါသလား၊ ဘယ်လိုလူတွေက မှတ်မိနိုင်တာလဲ"

တပည့်တော် ကောင်မလေး ဆိုသော စကားကြောင့် နှင်းနှင်းလှိုင်နှင့်

mgyoe.com

mgyoe.com

မိုးမြတ်မြတ်မိုးသည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ စပ်ဖြဲဖြဲ ဖြစ်သွားကြသည်။ ရင်ခတ်ငြိမ်းက ရှေ့ခပ်လှမ်းလှမ်းတွင် ထိုင်နေသဖြင့် သူတို့ ပြုံးတာကို မမြင်။ ဆရာတော်လေးကတော့ မျက်လွှာချထားသည်။

"ဒီလိုရှိတယ် ဒကာရဲ့၊ လူတိုင်းတော့ အတိတ်ဘဝကို မှတ်မိနိုင်တာ မဟုတ်ဘူး၊ အတိတ်ဘဝကို မြင်နိုင်တဲ့ သူက လေးမျိုး လေးစားပဲ ရှိတယ်"

"ဘယ်လို လေးမျိုးပါလဲ အရှင်ဘုရား"

"အေး၊ ဟောဒီပုဂ္ဂိုလ်မျိုးတွေဟာ အတိတ်ဘဝကို မြင်နိုင်စွမ်း ရှိတယ်လို့ ဗုဒ္ဓစာပေ ကျမ်းဂန်တွေမှာ လာတယ် ဒကာတို့၊ ဒကာမတို့။

(၁) အတိတ်ဘဝမှ သေလွန်၍ ဥပပတ် ပဋိသန္ဓေဖြင့် နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝသို့ ရောက်သူ"

"ဥပပတ် ပဋိသန္ဓေ ဆိုတာ ဘာကို ဆိုလိုတာလဲ ဘုရား"

"ဒီဘဝမှာ အခုသေတာနဲ့ နောက်ဘဝမှာ အရွယ်ရောက်ပြီးသား ရုပ်ခန္ဓာနဲ့ ဖြုန်းဆို အကောင်လိုက် အထင်အရှား ပေါ်ပေါက်လာတာ၊ ကိုယ်ဝန်ဆောင်ရတာတွေ၊ ဥထဲမှာ သန္ဓေသားအဖြစ်နဲ့ ပေါက်တဲ့အထိ အောင်းနေရတာတွေ မလိုဘူး၊ ဒီမှာသေ နတ်ပြည်မှာ တန်းပြီး နတ်သမီး၊ နတ်သား ဖြစ်တာမျိုး၊ ငရဲပြည်မှာ ဘွားဆို ပေါ်လာတာမျိုးကို ခေါ်တာ"

"သိပါပြီ၊ ဆက်ပြောပြပါ အရှင်ဘုရား"

"အေး... နံပါတ် (၂) ကတော့ အတိတ်ဘဝမှာ ခွန်အားရှိတုန်း၊ ငယ်ရွယ်နုပျိုတုန်း လက်နက်ဘေးရန် စသည်တို့ကြောင့် ရုတ်တရက် သေဆုံးပြီး လူ့ဘဝ ပြန်ဖြစ်သူ၊ (၃) ရှေးဘဝက ကုသိုလ်ကောင်းမှုတွေ ပြုပြီး 'အတိတ်ဘဝကို သိရပါလို၏' လို့ ဆုတောင်းခဲ့သူ၊ (၄) ပုဗ္ဗေနိဝါသ အဘိညာဏ်ကို ရကြသော ပုဂ္ဂိုလ်များ၊ ဒီလေးမျိုးဟာ အတိတ်ဘဝကို မှတ်မိတယ် ဒကာကြီး၊ လူ့ဘဝမှာ အတိတ်ဘဝကို မှတ်မိတယ် ဆိုသူများဟာ နံပါတ် (၂) က အများဆုံးပါ။ နံပါတ် (၃) ကတော့ ရှိတော့ ရှိတယ် ရှားတယ်လို့ ပြောရမယ်။ ရောဝတီတိုင်း မြစ်ဝကျွန်းပေါ်ဘက်က ဂုံမင်းရွာက ကရင်ကြီးဦးနေကျော် ဆိုတဲ့လူဟာ ကွယ်လွန်သွားပြီး နောက်ဘဝမှာ ခနွဲကဘိုရွာမှာ လူ ပြန်ဖြစ်တယ်။ သူ ငယ်ငယ်ကတည်းက သူ့ အရင်ဘဝကို မှတ်မိတယ်။ မိဘတွေကို ပူဆာလွန်းလို့ လိုက်ပို့တော့ သူ့ အရင်ရွာဟောင်းကို သူက လမ်းပြတယ်။ သူ့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်

m g y o e . c o m  SAMPLE BOOK 

ဝင်တယ်။ သူ မြှုပ်ထားတဲ့ ရွှေတွေ၊ ငွေတွေကိုတောင် သူ့သားသမီးတွေကို ပြန်ဖော်ပေးလိုက်သေးတယ်တဲ့။ အဲဒီ အရင်ဘဝက ကရင်ကြီးဟာ ဒီဘဝကျတော့ ကလေးဘဝမှာ အတိတ်ကို မှတ်မိ၊ ကြီးပြင်းလာတော့ သာသနာ့ဘောင်ကို ဝင်၊ အဲဒီကမှ လူထွက်ပြီး သာသနာရေးဝန်ကြီးဌာနမှာ လက်ထောက် ညွှန်ကြားရေးမှူး ဖြစ်ခဲ့တဲ့ ဦးအေးနိုင် (ဓမ္မာစရိယ၊ ဘီအေ) ဖြစ်လာတယ်။ သူ ပြောတာက အရင်ဘဝက ကုသိုလ်ပြုတိုင်း ဘဝဟောင်းကို ပြန်မြင်ရပါလို၏လို့ အမြဲ ဆုတောင်းခဲ့တာ သူ မှတ်မိတယ်လို့ ဆိုပါတယ်၊ ဇာတိဿရဉာဏ် ရတာပေါ့"

ရင်ခတ်ငြိမ်းက အားတုံ့အားနာ ပြုံးလိုက်ပြီး-

"ကတ်တီးကတ်ဖဲ့ ပြောတယ်လို့တော့ မထင်ပါနဲ့ ဘုရား၊ ငြိမ်းစံကျ အရင်ဘဝကို မှတ်မိပြီး တပည့်တော်တို့ကျ ဘာလို့ မမှတ်မိလဲ ဘုရား"

"ဒီလို ဒကာရဲ့၊ အခု ဒကာမေးတဲ့ မေးခွန်းမျိုးကို ပြင်သစ်နိုင်ငံက ပညာရှိပုဂ္ဂိုလ်များက မြန်မာနိုင်ငံက လယ်တီဆရာတော် ဘုရားကြီးထံကို စာရေးပြီး မေးမြန်း လျှောက်ထားဖူးတယ်၊ လူဟာ ဘာကြောင့် အရင်ဘဝက အကြောင်းတွေကို မမှတ်မိတော့တာလဲပေါ့၊ အဲဒီတော့ ဆရာတော်ဘုရားကြီးရဲ့ ပြန်ကြားချက် အတိုချုပ်က ဟောဒီလိုကွဲ့၊ ဆရာတော်ကြီး မိန့်တာက-

လူအများစုဟာတဲ့-

(၁) အတိတ်ဘဝမှာ နေ့ရက် ရှည်ကြာစွာ အနာရောဂါ ဖိစီး၍ ကိုယ်အား စိတ်အား နွမ်းနယ် ကုန်ခန်းပြီးမှ သေဆုံးခြင်း တစ်ပါး။

(၂) အခုဘဝမှာ အမိဝမ်းတွင်းမှာ အလွန်သေးငယ်သော ကလလ ရေကြည်အဖြစ်မှ နေ့ရက်ရှည်ကြာစွာ ကြီးထွားရသဖြင့် စိတ်အား သေးနုပ်မှေးမှိန် မိန်းမော၍ နေရခြင်း တစ်ပါး၊ အဲဒီအကြောင်း နှစ်ရပ်ကြောင့် လူအများစုဟာ ရှေးဘဝကို မေ့လျော့ကြတယ်တဲ့၊ ဒါ့အပြင် ဟောဒီအကြောင်း ငါးရပ်ကြောင့်လည်း အတိတ်ဘဝကို အမှတ်မရ မေ့လျော့ကြတယ်တဲ့။

(၁) အတိတ်ဘဝက မသိတတ်သော ကလေးအရွယ် သို့မဟုတ် အိုမင်း ချည့်နဲ့သော အရွယ်တွင် သေဆုံးခဲ့ခြင်း သို့မဟုတ် သေသောက်ကြူးသူ အဖြစ်မှ သေဆုံးခဲ့ခြင်း၊

(၂) ယခုဘဝတွင် မိခင်သည် ရောဂါသည် ဖြစ်ခြင်း၊

(၃) ယခုဘဝတွင် မိခင်သည် အလုပ်ကြမ်းကို လုပ်ရသူ ဖြစ်ခြင်း၊

m g y o e . c o m